# မြန်မာ့ အလင်း The Mirror

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (29-4-2007) (၅၁၀၂)


**မိမိတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ သုံးစွဲသူများ၏ ဝေဖန်အကြံပြုချက်များကို အလေးထားရယူကာ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေး၊ အဆင့်အတန်း ရှိသထက်ရှိပြီး သုံးစွဲသူ ကြိုက်နှစ်သက်အောင် တီထွင်ကြံဆ ထုတ်လုပ်သွားကြရမှာဖြစ်။**

# တည်ထောင်စက ပန်းပဲဖိုသာသာအဆင့်သာရှိခဲ့သည့် စက်မှုဇုန်များ ယခုအခါ အရှိန်အဟုန်ရပြီး ဖွံ့ဖြိုးတိုးတက်လာ သံထည်ကိုင်တွယ်သည့် စက်မှုလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဆက်စပ်တိုးတက်လာမည် စက်မှုဇုန်များအနေဖြင့် ရရှိနေသည့်အရှိန်အဟုန်များကို ရပ်တန့်မသွားစေဘဲ ဆက်လက်တိုးတက်နေအောင် မိမိတို့ထုတ်လုပ်သောပစ္စည်းများ အရည်အသွေးအဆင့်အတန်းမီအောင် အမြဲဆန်းစစ် သုတေသနပြုဆောင်ရွက်

နေပြည်တော် ဧပြီ ၂၈

**ရှမ်းပြည်နယ် ရပ်စောက်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရပ်စောက်မြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်ရှိ အေးသာယာစက်မှုဇုန်ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား အေးသာယာစက်မှုဇုန် ရှင်းလင်းဆောင်၌ အေးသာယာစက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရှင်းလင်းတင်ပြရာ၌ အေးသာယာစက်မှုဇုန် စတင်တည်ထောင်စဉ်က စက်မှုဇုန်အကျယ်အဝန်းမှာ ၂၈၅ ဧကရှိခဲ့ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ စက်မှုဇုန်ကို တိုးချဲ့ခဲ့ရာ ယခုအခါ အေးသာယာစက်မှုဇုန်သည် ၇၈၂ ဒသမ ၁၂ ဧကအထိ ကျယ်ဝန်းလာပြီဖြစ်ပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာစက်မှုဇုန် သံရည်ကျိုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အေးသာယာစက်မှုဇုန်၌ နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများဖြင့် ခေတ်မီ သံရည်ကျို၊ ပုံလောင်း၊ပုံဖိစက်ရုံကို တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ခေတ်မီ သံရည်ကျိုစက်ရုံထုတ်ကုန်ပစ္စည်းများကို အရည်အသွေး အဆင့်အတန်းရှိသည့် ပစ္စည်းများဖြစ်အောင် ကြိုးပမ်းထုတ်လုပ်ကြရန်၊ ကျွမ်းကျင်သည့် ပညာရှင်လူ့အရင်းအမြစ်များကို ပျိုးထောင်ကြရန် မှာကြားချက်များနှင့် စပ်လျဉ်း၍လည်း မိမိတို့စက်မှုဇုန်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

အေးသာယာ စက်မှုဇုန် သံရည်ကျိုစက်ရုံမှ အရည်အသွေး အဆင့်အတန်းရှိသည့် စက်ပစ္စည်းအစိတ်အပိုင်း စုစုပေါင်း ၁၁၂ မျိုးအထိ ထုတ်လုပ်ပေးနိုင်နေပြီ ဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၂၉-၄-၂၀၀၇
(တနင်္ဂနွေနေ့)

# မြို့ပြသန့်ရှင်းသာယာလှပရေး ပြည်သူအားလုံး ဝိုင်းဝန်းကူညီ

နိုင်ငံတစ်ဝန်းရှိ မြို့ကြီးပြကြီးများတွင် လူဦးရေ တစ်နေ့တခြား တိုးပွားလာလျက်ရှိရာ အိမ်ရာစီမံကိန်းအသစ်များ ဖော်ထုတ်ပြီး မြို့ပြရပ်ကွက်များ၌ ပြန်လည်နေရာချထားပေးလျက်ရှိသည်။

စီးပွားရေးအချက်အချာကျသည့် မြို့ကြီးများကိုလည်း မြို့ပြအင်္ဂါရပ်များနှင့်အညီ လမ်းများကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။ ဥယျာဉ်ပန်းခြံများ၊ ရေကန်များဖြင့် သဘာဝပတ်ဝန်းကျင်သာယာလှပရေး၊ ပြည်သူများ အပန်းဖြေ အနားယူနိုင်ရေးတို့အတွက် ဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။

မြို့ပြသန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများသည် တစ်နေ့ချင်း၊ တစ်လချင်း ဆောင်ရွက်၍ ပြီးစီးသွားသည် မဟုတ်ဘဲ နေ့စဉ်နေ့တိုင်း စနစ်တကျ လုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်သည်။ ပြည်သူတိုင်းက အသိတရားရှိရှိဖြင့် လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည့် တာဝန်များဖြစ်သည်။

ရေမြောင်းများနှင့် လမ်းမပေါ်တွင် အမှိုက်သရိုက် အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ လူသွားစင်္ကြံများအပေါ် ကျူးကျော်၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနေခြင်း၊ ရေချိုးကန် ရေဘုံပိုင်များ ဖွင့်ထား၍ ရေများ အလဟဿ ဆုံးရှုံးစေခြင်း၊ ခရီးသည်တင်ယာဉ်ပေါ်မှ အမှိုက်များပစ်ချခြင်း၊ လမ်းပေါ်သို့ ကွမ်းတံတွေးများ ထွေးချခြင်းတို့သည် မြို့၏အလှ၊ မြို့ပြသန့်ရှင်းသာယာမှုကို အကျည်းတန်အရုပ်ဆိုးစေသည့် လုပ်ရပ်များဖြစ်သည်။

စည်းကမ်းမဲ့သူအချို့၏ လက်လွတ်စပယ်ပြုမှု၊ ချို့ယွင်းအားနည်းမှုများသည် မြို့ပြနေပြည်သူအားလုံး၏ အကျိုးစီးပွားကို ထိခိုက်ဆုတ်ယုတ်စေနိုင်သည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ပျက်ယွင်းစေသည်။ မြို့ပြစည်းကမ်းနှင့်အညီ စနစ်တကျ နေထိုင်ကြရေးအတွက် ပြည်သူအချင်းချင်း၊ မိသားစုများအချင်းချင်း စည်းရုံးထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

မြို့ကြီးပြကြီးတိုင်းတွင် ပြည်သူတိုင်းက မြို့ပြသန့်ရှင်းရေးလုပ်ငန်းများ၌ အသိတရားဖြင့် ဝိုင်းဝန်းကူညီခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သာယာလှပရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းသာယာလှပသောမြို့ပြများ ပေါ်ထွန်းလာမည် ဖြစ်ပါသည်။ ။

## ပေးအပ်လှူဒါန်း

ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဦးဘခင်-ဒေါ်ဖွားစောနှင့် တိ-နိ နာယက ဦးခင်မောင်သန်းတို့အား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပဒုမ္မာလမ်းနေ ဇနီး ဒေါ်ကြင်မြ၊ ညီမ ဒေါ်မြလှိုင်နှင့် သားသမီးမြေးတစ်စုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ်ငါးသိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ သာသနာပြု ဥပဋ္ဌာကအဖွဲ့ နာယက ဦးအောင်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၈

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ အမှာစကား ပြောကြားသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းတို့မှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေး ကော်မတီမှ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ မန်နေဂျာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှိုင်မြင့်က ခရီးသွားလုပ်ငန်းကြီးကြပ်မှုများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်အေးက ခရီးသွားလုပ်ငန်း မြှင့်တင်မှုများကိုလည်းကောင်း၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်ဝင်းက ဟိုတယ်လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ ဦးရဲမြင့်က ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်က မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းတို့မှ လုပ်ငန်းရှင်များက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ပြောကြား

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများသည်အစည်းအဝေးခန်းမ၌ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက ခင်းကျင်းပြသထားသော Hotels and Tourism Websites များကိုလည်းကောင်း၊ e-Government on Line Systems များကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

## အမှာစကား ပြောကြား

**ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)ကြီးမှူးပြီး နိဗ္ဗာန်ဈေးပွဲတော်နှင့် သက်ကြီးပူဇော်

**ရန်ကုန် ဧပြီ ၂၈**

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)မှ အမှုဆောင်များနှင့် အသင်းဝင်များသည် ကြံခင်းမြို့သို့ သွားရောက်၍ မြို့ခံအသင်းဝင်များနှင့်အတူ ဧပြီ ၁၄ရက် (သင်္ကြန်အကျနေ့) နံနက်၉နာရီက ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)ရေသဘင်မဏ္ဍပ်၌ အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများအား အလှူငွေနှင့် ပစ္စည်းများ ကန်တော့ခြင်း၊ ခေါင်းလျှော်ခြင်းနှင့် ခြေသည်းလက်သည်းလှီးဖြတ်ခြင်းများဖြင့် ကောင်းမှုကုသိုလ်များပြုလုပ်ခဲ့ကြသည်။

နှစ်ဆန်းတစ်ရက်နေ့(၄၉)ကြိမ်မြောက် ရွှေရတုအကြိုနိဗ္ဗာန်ဈေးပွဲတော်၌ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)မှ နိဗ္ဗာန်ဈေးပွဲတော်လာပြည်သူများအား စတုဒိသာရွှေရင်အေး တိုက်ကျွေးခဲ့သည်။

ယင်းနောက်အသင်းဥက္ကဋ္ဌဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)က ကြံခင်းမြို့နယ်ရှိ ဌာနေကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လာမည့်နှစ်(၅၀)ပြည့်ရွှေရတုနိဗ္ဗာန်ဈေးပွဲတော်သို့ မိမိတို့အသင်းမှ လာရောက်ကျွေးမွေးမည်ဖြစ်ကြောင်းနှင့် အသင်းအတွင်းရေးမှူးဦးစိန်ငွေက နှစ်စဉ်မပျက် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သင်္ကြန်ပွဲတော်သို့ မိမိတို့မြို့နယ်အသင်းမှ လာရောက်ဆင်နွှဲရင်း ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

(က-ပ)

# တရားတော်များ ဟောကြားမည်

**ရန်ကုန် ဧပြီ ၂၈**

၁၃၆၉ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓအခါတော်နေ့) ဧပြီ ၃၀ ရက်(တနင်္လာနေ့) တွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာ သိမ်ကုန်းကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကုမာရ (သိရီပဝရ ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ ကိုလံဘို)က ဗုဒ္ဓအခါတော်နေ့ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ ယင်းနေ့ နံနက်ပိုင်းတွင် စေတနာရှင်၊ အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းပြီး မွန်းလွဲပိုင်းတွင် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# သမထဝိပဿနာ တရားပွဲများ

**ရန်ကုန် ဧပြီ ၂၈**

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် သမထဝိပဿနာတရားတော်များကိုဒလအံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အံ့ကြီး)က မေ ၁ ရက်မှ ၇ ရက်အထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် ညနေ ၆ နာရီမှ ၇ နာရီခွဲအထိ၊ မေ ၈ ရက်မှ ၁၄ ရက်အထိ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေဓမ္မ ဗိမာန်၌ ညနေ၅နာရီမှ၆နာရီခွဲအထိနှင့် မေ ၉ ရက်မှ ၁၅ ရက်အထိ ကမာရွတ်မြို့နယ် (၇) ရပ်ကွက် ဗဟိုလမ်း မဟာစိတ္တရာရုံ ကံ့ကော်ပင် နှစ်ထပ် ကျောင်းဆောင်သစ်ကြီးတွင် ည ၇ နာရီမှ ၈ နာရီခွဲအထိ တရားတော်များ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆိုလာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

# ဝန်ကြီး ဦးအောင်သောင်း အထည်အလိပ်စက်ရုံများ ကြည့်ရှုစစ်ဆေး ဈေးကွက်တွင် လူကြိုက်များသော အဆင်ပုံဆန်းများထုတ်လုပ်ရန် မှာကြား

နေပြည်တော် ဧပြီ ၂၈

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၂၆ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်း တောင်သာမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ (တောင်သာ)သို့ ရောက်ရှိသည်။**

ရှေးဦးစွာ ဝန်ကြီးသည် စက်ထိုးထည်အလုပ်ရုံရှိ ကုန်ကြမ်းချည်လုံးများနှင့် ဆေးဆိုးပြီး ချည်လုံးများ၊ တစ်ထပ်သားထိုး စက်ဝိုင်းခြောက်လုံး၏ ရက်လုပ်နေမှု၊ ရစ်ထိုးစက်ဝိုင်းနှင့် ဖလက်ထိုးစက်ခြောက်လုံး၏ ရက်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အချောကိုင်အလုပ်ရုံသို့ ရောက်ရှိပြီး အထွေထွေမန်နေဂျာ ဒေါ်ခင်မူမူနှင့် စက်ရုံမှူး ဦးစောလင်းတို့က ပိတ်တွဲချုပ်စက်၊ ပိတ်သားလှန်စက်၊ တင်ကြိုပိတ်သားကျုံ့စက် ကုန်ထုတ်လုပ်မှုများကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ပန်းရိုက်အခြောက်ခံစက်၏ တံဆိပ်ရိုက်နှိပ်မှု၊ ကျားဝတ်၊ မဝတ်၊ တီရှပ်၊ စပို့ရှပ် စွပ်ကျယ် အထည်များ ချုပ်လုပ်မှု၊ စက်ရုံမှ ထုတ်လုပ်ထားသော ဒီဇိုင်းစုံ ရောင်စုံအထည် အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ယခုထက်ပိုမိုကောင်းမွန်သော ဒီဇိုင်းနှင့် သေသပ်ပြီး ဈေးကွက်တွင် လူကြိုက်များသော အဆင်ပုံဆန်းများ ထုတ်လုပ်တီထွင်ကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည်တောင်သာမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိ၍ အရောင်းဆိုင်အတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာန အသီးသီးမှ ထုတ်လုပ်ရောင်းချသော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အရောင်းဆိုင်အတွင်း ရောင်းကုန်ပစ္စည်း မပြတ်လပ်စေရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေဥမင်ဘုရားသို့ ရောက်ရှိပြီး ရွှေဥမင်ဘုရားအား ဖူးမြော်ကြည်ညို၍ ရွှေဥမင်ဘုရားအာရုံခံအဆောက်အအုံ တည်ဆောက်မှုနှင့် ရင်ပြင်တော်ပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အတုလကာရီတိုက်ကျောင်း ဆရာတော် ဦးနာဂဝံသအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေဥမင်ကျောင်းတိုက်ရှိ မဟာဗောဓိပင်နှင့် ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။

ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း မြင်းခြံမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါကြိတ်စက်ရုံသို့ ရောက်ရှိပြီး ဝါကြိတ်ခြင်းလုပ်ငန်းများ၊ ဝါသန့်စင်ခြင်း လုပ်ငန်းများနှင့် ဝါဖိစက်ဖြင့် ဘောထုပ်ထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြည့်ရှု စစ်ဆေး

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ်ရှိ စွပ်ကျယ်စက်ရုံ (တောင်သာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## ကဆုန်ညောင်ရေ အေးချမ်းစေ

☆ ဂိမှာန်သည်နွေ<br>
အေးမြစေ၍<br>
ဆုတောင်းပြည့်ညွှန်း<br>
ညောင်ရေသွန်းသည်<br>
တစ်ဝန်းအပူငြိမ်းစေမည်။

☆ ငြိမ်းအေးသာကြည်<br>
မြန်မာပြည်တွင်<br>
ရေရှည်မုန်းဆ<br>
ညီညွတ်ကြ၍<br>
အလှဂုဏ်ရည် တင့်ပေပြီ။

☆ တင့်လှညီညာ<br>
ပြည်မြန်မာသည်<br>
အနာဂတ်လမ်း<br>
ညီညွတ်စွမ်းနှင့်<br>
တက်လှမ်းစုံညီ<br>
ချီလေပြီ။

☆ ဂိမှာန်သည်နွေ<br>
အေးမြစေ၍<br>
ဆုတောင်းပြည့်ညွှန်းညောင်ရေသွန်းသည်<br>
တစ်ဝန်းဇမ္ဗူ ငြိမ်းစေသတည်း။ ။

**နှင်းမောင်(ဇီးကုန်း)**

# ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၂၈

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ခါ အာမက်ချောင်ဒရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၇ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားသည်။**

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

### ကြည့်ရှုလေ့လာ

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တွေ့ဆုံဆွေးနွေးပြီး နေပြည်တော်မြို့တော်ခန်းမသို့ သွားရောက် ကြည့်ရှုလေ့လာသည်။

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ခိုင်ရူဇာမန်၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

## ပို့ဆောင်နှုတ်ဆက်

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ခါအာမက်ချောင်ဒရီအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# သဲကုန်းဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ တရားပွဲများ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တောင်ပြင်ထီးလင်းတိုက် ဇေတဝန်ကာရုံ ပါဠိတက္ကသိုလ် သဲကုန်းကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဖြင့် ဆက်ကပ်ပူဇော်ပြီးဖြစ်ပါ၍ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို (၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက်) မေ ၁၀ ရက်တွင် နတ္တလင်းမြို့ ရတနာပုံတိုက် ကံတော်ဦးကျောင်း ဗုဒ္ဓ ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲအကြိုညတရားပွဲများ အဖြစ် ဦးရေဝတ (ဓမ္မာစရိယ၊ ပထမကျော်) ဇေတဝန်ကာရုံကျောင်း တောင်ပြင်ထီးလင်းတိုက် မန္တလေးမြို့နှင့် ဦးဇနေသာရ (ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) ပဏ္ဍိတာရုံကျောင်း ညောင်ကန်တိုက် မန္တလေးမြို့တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော် မူကြမည်ဖြစ်သည်။ (က-ပ)

# မေလ ပထမ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ရန်ကုန် ဧပြီ ၂၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

### မိုးအခြေအနေ

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နှစ်ရက်မှ လေးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

### နေ့အပူချိန်

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၀ စင်တီမီတာ (တစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၄၅ စင်တီမီတာ (တစ်ပေခွဲခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

စင်ကာပူနိုင်ငံတွင် ပြုလုပ်သည့် ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့် ကားတစ်စီးကို ဧပြီ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဂျပန်နှင့်အိန္ဒိယ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

**အေသင် ဧပြီ ၂၈**

ဂျပန်သမ္မတ ကာရိုလို့စ်ပါပိုလစ်နှင့် ချစ်ကြည်ရေး လာရောက်လည်ပတ်သော အိန္ဒိယသမ္မတ ဒေါက်တာ အဗ္ဗဒူကာလမ်တို့သည် ဧပြီ ၂၆ ရက်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုများကြောင့် ၂၀၁၀ ပြည့်နှစ်တွင် ကုန်သွယ်ရေးပိုင္ဂေ ယူရို တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံ) ရောက်ရှိရန် ရည်ရွယ်ထားသည်ဟုထုတ်ပြန်ကြေညာသည်။

**လက်မှတ်ရေးထိုး**

ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့သည် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပြုလုပ်ရန် နှစ်နိုင်ငံကိုယ်စားလှယ်များ လက်မှတ်ရေးထိုးသည်။

နှစ်နိုင်ငံကြား ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုဆောင်ရွက်ရန် ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ ဆွေးနွေးပွဲများ ကျင်းပခြင်းသည် ထင်ရှားသည့် လက္ခဏာရပ်ပင်ဖြစ်ကြောင်း ပါပိုလစ်က ပြောကြားသည်။

**ကူညီဆောင်ရွက်**

နှစ်နိုင်ငံ သဘောတူညီချက်လက်မှတ်ရေးထိုးမှုများ ပြုလုပ်နိုင်သည့်အတွက် ဝမ်းမြောက်ရကြောင်း၊ ဂျပန်နိုင်ငံသည် အခြေခံအဆောက်အအုံ များစွာလိုအပ်ကြောင်း၊ အခြေခံအဆောက်အအုံ ဆောက်လုပ်ရာတွင် ဂျပန်နိုင်ငံကို အိန္ဒိယနိုင်ငံက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကာလမ်က ပြောကြားသည်။

**ရင်းနှီးမြှုပ်နှံ**

လာမည့်၁၀နှစ်တာကာလတွင် အခြေခံအဆောက်အအုံ တည်ဆောက်မှု၌ အိန္ဒိယနိုင်ငံက အမေရိကန် ဒေါ်လာ ဘီလီယံ ၃၀၀ ကျော် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားသည်။

တရားမဝင် လူကုန်ကူးမှုကိုလည်း နှစ်နိုင်ငံ ပူးပေါင်းချေမှုန်းသွားမည်ဖြစ်ကြောင်း ပါပိုလစ်က ပြောကြားသည်။

*အမ်အင်အေ၊ ဆင်ဟွာ။*

# အီရန်နိုင်ငံ တိုက်ခိုက်ခံရပါက

## အမေရိကန်၏အကျိုးစီးပွားများကိုတိုက်ခိုက်မည်ဟု ပြောကြား

**တီဟီရန် ဧပြီ ၂၇**

အီရန်နိုင်ငံ၏ အငြင်းပွားနေသည့် နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ တိုက်ခိုက်မှုခံရပါက အီရန်က ကမ္ဘာတစ်ဝန်းရှိ အမေရိကန်၏ အကျိုးစီးပွားများကို တိုက်ခိုက်ဖျက်ဆီးမည်ဖြစ်ကြောင်းအီရန်မှ အိုင်အာရ်အင်အေသတင်းဌာနက ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

**မလွတ်နိုင်**

အမေရိကန်အနေဖြင့် အီရန်နိုင်ငံ၏ တာဝေးပစ်ဒုံးကျည်၏ စက်ကွင်းအောက်မှ မလွတ်နိုင်ကြောင်း၊ မိမိတို့က ဒုံးကျည် ထောင်ပေါင်းများစွာတို့ကို နေ့စဉ်ပစ်ခတ်နိုင်စွမ်းရှိကြောင်း အီရန် ဒုတိယပြည်ထဲရေးဝန်ကြီး ဇိုဂါဒါက ပြောကြားသည်။

အမေရိကန်၏ အပေါင်းပါ အစ္စရေးနိုင်ငံကိုလည်း အီရန်က တာဝေးပစ်ဒုံးကျည်များဖြင့် ခြိမ်းခြောက်အန္တရာယ်ပေးနိုင်ကြောင်း၊ ယင်းဒုံးကျည်များ အသုံးပြု၍ အစ္စရေးနိုင်ငံနှင့် ပင်လယ်ကွေ့ဒေသရှိ အမေရိကန်၏ အခြေစိုက်စခန်းများကို ပစ်ခတ်နိုင်စွမ်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

*အမ်အင်အေ၊ ရိုက်တာ။*

# ချေချင်းညာ၌ ရုရှားရဟတ်ယာဉ် ပျက်ကျမှုကြောင့် ၁၈ ဦးသေဆုံး

**မော်စကို ဧပြီ ၂၈**

ချေချင်းညာဒေသတွင် ရုရှားတပ်ဖွဲ့ ရဟတ်ယာဉ်ပျက်ကျရာ ယင်းလေယာဉ်ပေါ် လိုက်ပါလာသူ လေထီး တပ်သား ၁၅ ဦးနှင့် စစ်ဘက်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးကြောင်း တပ်ဘက်ဆိုင်ရာ သတင်းကို ကိုးကား၍ အီတာ-တာ့စ်သတင်းဌာနက ဖော်ပြသည်။

ရာတွိုင်းဒေသတောင်ပိုင်း လေထီးတပ်ဖွဲ့၏ လေကြောင်းပျံသန်းရေးလေ့ကျင့်နေစဉ် ဧပြီ ၂၇ ရက်က မော်စကို စံတော်ချိန် ၁၁ နာရီ ၃၄ မိနစ်တွင် ရဟတ်ယာဉ်ပျက်ကျခဲ့ကြောင်း ရုရှားလေကြောင်းမှ ပြောရေးဆိုခွင့်ရှိသူ အလက်ဇန္ဒားဒရိုဘိုင်ရှိစကီက ပြောကြားသည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို သိရှိရန် လေယာဉ်ပျက်ကျရာနေရာသို့ ထောက်လှမ်းရေးအဖွဲ့က သွားရောက်ခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းမှာ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု သို့မဟုတ် ပစ်ခတ်ခံရမှုကြောင့်ဖြစ်မည်ဟု ၎င်းက ပြောကြားသည်။

*အမ်အင်အေ၊ ဆင်ဟွာ။*

# ဘဂ္ဂဒက်မြို့ စစ်ဆေးရေးဂိတ်၌ ဗုံးပေါက်ကွဲ

**ဘဂ္ဂဒက် ဧပြီ ၂၇**

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဘဂ္ဂဒက်မြို့ စစ်ဆေးရေးဂိတ်၌ ဧပြီ ၂၆ ရက်က အသေခံဗုံး ဖောက်ခွဲမှုဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ၇၅ ကီလိုမီတာအကွာရှိ ကာလစ်မြို့၌ အီရတ်တပ်ဖွဲ့ စောင့်ကြပ်နေသော စစ်ဆေးရေးဂိတ်အတွင်းသို့ ပေါက်ကွဲရေးပစ္စည်း တင်ဆောင်လာသောကား မောင်းဝင်လာကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

*အမ်အင်အေ၊ ဆင်ဟွာ။*

ဘရူနိုင်းနိုင်ငံ ကမ်ပေါင်အယာ ရေပေါ်ကျေးရွာ၏ ရှုခင်းကို ဧပြီ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဒိုမီနီကန်ကမ်းလွန်၌ ရေယာဉ်တိမ်းမှောက် ၂၃ ဦး ပျောက်ဆုံးလျက်ရှိ

**ဆန်တိုဒိုမင်ဂို ဧပြီ ၂၇**

ဒိုမီနီကန်နိုင်ငံ ကမ်းလွန်တွင် ငါးဖမ်းရေယာဉ်တစ်စင်း တိမ်းမှောက်သွားရာ ဧပြီ ၂၅ ရက်အထိ ပျောက်ဆုံးသူ ၂၃ ဦးရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဟိုင်တီဒေသနယ်စပ်ရှိ ဒိုမီနီကန်နိုင်ငံ မွန်တီခရိုင်တီမြို့မှ မိုင် ၂၀ အကွာ ပင်လယ်၌ ဧပြီ ၂၄ ရက် နေ့လယ် ၁ နာရီခန့်က အာဘရာကာဒါဘရာ ရေယာဉ်နစ်မြုပ်ခဲ့သည်။ ရေယာဉ်ပေါ် လိုက်ပါလာသူများ အနက် ၁၆ ဦးကို ကယ်တင်နိုင်ခဲ့သည်။

အဆိုပါရေယာဉ်တွင် လိုက်ပါလာသူ ၃၉ ဦးအနက် ၂၃ ဦးကို ကမ်းခြေစောင့်တပ်ဖွဲ့၊ ဒိုမီနီကန် ရေကြောင်း ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်နှင့် သင်္ဘောများဖြင့် ယခုတိုင် ရှာဖွေနေဆဲဖြစ်သည်။

ယင်းရေယာဉ်သည် ဒိုမီနီကန်နိုင်ငံ မြောက်ပိုင်း ပူတိုပလာတာအပန်းဖြေစခန်းမှ ဧပြီ ၂၃ ရက် ညနေ ၅ နာရီတွင် ထွက်ခွာလာခြင်းဖြစ်သည်။

*အမ်အင်အေ၊ ရိုက်တာ။*

# အိန္ဒိယမှ ပုလဲလည်ဆွဲ ဒေါ်လာ ၇ ဒသမ ၁ သန်းဖြင့်ရောင်းချရ

**နယူးယောက် ဧပြီ ၂၇**

တစ်ချိန်က အိန္ဒိယစော်ဘွားတစ်ဦး ပိုင်ဆိုင်ခဲ့သည့် သဘာဝပုလဲလည်ဆွဲ ရတနာကို လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ သန်းအထိ ရရှိခဲ့သဖြင့် သဘာဝပုလဲရတနာအတွက် ကမ္ဘာ့စံချိန်တင်ထားသည့် တန်ဖိုးထက် နှစ်ဆပိုမိုရရှိခဲ့ကြောင်း လေလံရောင်းချသူများက ပြောကြားသည်။

**ပြောကြား**

ဘာရိုဒါဒေသမှ စော်ဘွား ခန်ဒီရာအို ပိုင်ဆိုင်ခဲ့ဖူးသည့် အဆိုပါ ဘာရိုဒါ ပုလဲရတနာကို ဝယ်ယူခဲ့သည့်ပုဂ္ဂိုလ်မှာ အာရှမှ ပုဂ္ဂလိက ပုလဲစုဆောင်းသူ တစ်ဦးဖြစ်သည်ဟု ခရစ္စတီလေလံကုမ္ပဏီက ပြောကြားသည်။

**စီခြယ်**

အဆိုပါ လေလံပွဲသည် သုံးမိနစ် ခန့်သာကြာခဲ့သည်။ ပုလဲနှစ်ကုံးအဖြစ် ပြုလုပ်ထားသည့် အဆိုပါ လည်ဆွဲ ရတနာတွင် ကြီးမားပြီး အရည်အသွေးအကောင်းမွန်ဆုံးပုလဲ ၆၈ လုံးဖြင့် စီခြယ်ပြုလုပ်ထားသည်။

ယင်းလည်ဆွဲကဲ့သို့ သဘာဝပုလဲ လည်ဆွဲရတနာကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်း ဂျီနီဗာမြို့တွင် ရောင်းချခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်းအထိ စံချိန်ရရှိခဲ့သည်။

*အမ်အင်အေ၊ ရိုက်တာ။*

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

စပိန်နိုင်ငံ ဘာစီလိုနာတိရစ္ဆာန်ရုံတွင် မွေးမြူထားသည့် လင်းပိုင်သားအမိကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့အကြီးဆုံးလေယာဉ် အိန္ဒိယနိုင်ငံသို့ လာရောက်မည်

**မွမ်ဘိုင်း ဧပြီ ၂၇**

ကမ္ဘာ့အကြီးဆုံး ခရီးသည်တင်လေယာဉ်ဖြစ်သည့် အဲဘတ်စ် အေ ၃၈၀ စူပါဂျမ်ဘိုဂျက်သည် လာမည့်လတွင်အိန္ဒိယ၏ ကင်းဖစ်ရှာလေကြောင်းလိုင်း၏ပျံသန်းမှုမြှင့်တင်ရေးအစီအစဉ်တစ်ရပ်အရအိန္ဒိယနိုင်ငံသို့ဆိုက်ရောက်လာမည်ဖြစ်ကြောင်း သတင်း ဝက်ဘ်ဆိုက်အီကိုနော့မစ်တိုင်းမ်ကွမ်က ဧပြီ ၂၄ ရက်တွင် ဖော်ပြခဲ့သည်။

ကင်းဖစ်ရှာ လေကြောင်းလိုင်း၏ နှစ်နှစ်မြောက်နှစ်ပတ်လည်အခမ်းအနားသို့ လာရောက်ရန် အဲဘတ်စ်အေ ၃၈၀ သည် မေ ၇ ရက်မှ ၁၀ ရက်အတွင်း မွမ်ဘိုင်းနှင့် နယူးဒေလီမြို့တို့သို့ ဆိုက်ရောက်မည်ဖြစ်သည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# ဗီယက်နမ်နှင့်တရုတ် ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်မည်

**ဟန္နိုင်း မေ ၂၇**

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရေး တိုးမြှင့်ရန် တက်ကြွစွာ လုပ်ဆောင်သွားမည့်အပြင် တရုတ်–အာဆီယံဆက်ဆံရေးကိုလည်း တိုးချဲ့နိုင်ရန် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဗီယက်နမ်သမ္မတ ငုယင်မန်ထရက်က မေ ၂၅ ရက်တွင် ပြောကြားသည်။

**တိုးတက်**

တရုတ်နိုင်ငံမှ လာရောက်သော ရေဒီယိုနှင့် ရုပ်မြင်သံကြား ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာ၌ဗီယက်နမ်သမ္မတကအထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**ဆက်လက်ပြောကြား**

မကြာမီနှစ်များအတွင်း တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့၏ ပါတီအချင်းချင်းနှင့် နိုင်ငံတော် အဖွဲ့အစည်းအချင်းချင်း အကြား အပြန်အလှန်ဆက်ဆံမှုသည် အထူးများပြား တိုးတက်လာခဲ့သည်။ ထိုတိုးတက်မှုသည် နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပါတီများက လိုလားသည့်အတိုင်း ဖြစ်ထွန်းနေခြင်းပင်ဖြစ်သည်ဟု ငုယင်မန်ထရက်က ဆက်လက်ပြောကြားသည်။

ကုန်သွယ်ရေး အပိုင်းတွင်လည်း တရုတ်နိုင်ငံက တင်ပြလာသည့်တရုတ်–အာဆီယံ ကုန်သွယ်မှုပြပွဲ တစ်ခုကို တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကွမ်စီကျွမ်းပြည်နယ်တွင် ဆောင်းဦးရာသီ၌ နှစ်စဉ်ကျင်းပသွားရေးအဆိုကို ဗီယက်နမ်က ကြိုဆိုထောက်ခံကြောင်း ၎င်းက ပြောကြားသည်။

**ခရီးဆက်မည်**

အဆိုပါ တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံမှတစ်ဆင့် အာဆီယံ ၁၀ နိုင်ငံသို့ ဆက်လက်ခရီး ထွက်ခွာရန်ရှိကြောင်း သိရသည်။

*အမ်အင်အေ၊ ဆင်ဟွာ။*

ဆော်ဒီအာရေဗျနိုင်ငံရှိ ရေနံချက်စက်ရုံတစ်ရုံကို မေ ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ကင်ညာ ဝင်ငွေတိုးတက်ရရှိ

**နိုင်ရိုဘီ မေ ၂၇**

ကင်ညာနိုင်ငံသို့ ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် တစ်သန်းကျော် ရောက်လာမည်ဟု ခန့်မှန်းထားရာ ထိုလုပ်ငန်းမှရရှိသော ဝင်ငွေသည်လည်း ကင်ညာငွေ သျှီလင်ဘီလီယံ ၆၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၈၇၇ ဒသမ ၁ သန်း အထိ ရရှိလာနိုင်ကြောင်း ကင်ညာခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က မေ ၂၅ ရက်တွင် ပြောကြားသည်။

အရှေ့ပိုင်း အာဖရိကနိုင်ငံဖြစ်သော ကင်ညာနိုင်ငံတွင် သဲသောင်များနှင့် တောရိုင်းတိရစ္ဆာန် လေ့လာစရာ ဆာဖာရီတောများ ရှိသည့်အတွက် ခရီးသွားများ နှစ်သက်ကြသည်။ ၂၀၀၆ ခုနှစ်က နိုင်ငံ၏ အမြင့်ဆုံးဝင်ငွေသည် ခရီးသွားလုပ်ငန်းမှရရှိခြင်းဖြစ်ကြောင်း သိရသည်။ ထိုနှစ်က ကမ္ဘာလှည့်ခရီးသည် ၉၅၄၀၀၀ ကင်ညာသို့ လာရောက်လည်ပတ်ခဲ့ကြသည်။ ကင်ညာနိုင်ငံ၌ ၁၉၉၈ နှင့် ၂၀၀၂ ခုနှစ်များအတွင်းက အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည့်အတွက် ထိုနှစ်များတွင် ခရီးသွားလုပ်ငန်း ကျဆင်းခဲ့ရသည်။

ကင်ညာလေဆိပ်များသို့ အပြည်ပြည်ဆိုင်ရာလေကြောင်းများတိုးချဲ့ ပျံသန်းလာခြင်းသည်လည်း ခရီးသွားလုပ်ငန်း အောင်မြင်လာခြင်း၏ အချက်တစ်ချက် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

*အမ်အင်အေ၊ ရိုက်တာ။*

# အမေရိကန်ပြည်ထောင်စု လမ်းမှားသို့ရောက်ရှိနေကြောင်း ပြည်သူသုံးဦးလျှင် နှစ်ဦးက ဆန္ဒထုတ်ဖော်

**ဝါရှင်တန် မေ ၂၇**

အမေရိကန်ပြည်ထောင်စုအနေဖြင့် လမ်းမှားသို့ရောက်ရှိနေသည်ဟု အမေရိကန်ပြည်သူသုံးဦးလျှင်နှစ်ဦးက ထင်မြင်နေကြကြောင်း အင်ဘီစီသတင်းဌာနနှင့် ဝေါစထရိဂျာနယ်က ကောက်ယူပြီး ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းအရ သိရှိရသည်။

၂၂ ရာခိုင်နှုန်းသော အမေရိကန်တို့ကသာ အမေရိကန်သည် လမ်းကြောင်းမှန်သို့ ရောက်ရှိနေသည်ဟု ထင်မြင်ကြပြီး ၆၆ ရာခိုင်နှုန်းက လမ်းမှားရောက်နေပြီဟု ပြောကြားကြောင်း၊ ၁၀၀၄ ဦးကို မေ ၂၀ ရက်မှ ၂၃ ရက်အထိ ကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်းအရ သိရှိရသည်။

၅၈ ရာခိုင်နှုန်းသော ပြည်သူတို့က အမေရိကန်သည် လမ်းမှားသို့ ရောက်ရှိနေပြီဟု ပြောကြားခဲ့ပြီး ၂၅ ရာခိုင်နှုန်းက လမ်းမှန်သို့ ရောက်နေပြီဟု ယူဆကြောင်း အင်ဘီစီ၊ ဒဗလျူအက်စ်ဂျေက မတ်လအတွင်းက ကောက်ယူခဲ့သည့်စစ်တမ်းအရ သိရှိရသည်။

**ထင်မြင်**

လူထုသဘောထား စစ်တမ်းတွင် တုံ့ပြန်ပြောကြားသူများက အီရတ်စစ်ပွဲတွင် အမေရိကန်၏ပါဝင်ပတ်သက်မှုကို ထောက်ချင့်၍ ယင်းသို့ ထင်မြင်ကြခြင်းဖြစ်သည်။

**ဖော်ပြထား**

အီရတ်၏ အခြေအနေသည် လွန်ခဲ့သည့် သုံးလအတွင်း တိုးတက်မှုရှိ၊ မရှိ ဆုတ်ယုတ်မှု ရှိ၊ မရှိ မေးမြန်းရာ ၁၂ ရာခိုင်နှုန်းသော အမေရိကန်တို့က တိုးတက်မှုရှိကြောင်း၊ ၄၉ ရာခိုင်နှုန်းက ပိုမိုဆိုးရွားနေကြောင်း၊ ၃၇ ရာခိုင်နှုန်းက အခြေအနေပြောင်းလဲမှု မရှိကြောင်း အဆိုပါ စစ်တမ်းတွင် ဖော်ပြထားသည်။

*အမ်အင်အေ၊ ရိုက်တာ။*

မေ ၂၇ ရက်က လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ပြုလုပ်သော အလှမယ် ပြိုင်ပွဲတွင် ပထမရရှိသွားသည့် နာဒင်းဒုဂျမ်အား ဆုယူအပြီး တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# တရားမဝင်အလုပ်လုပ်ကိုင်သူများ စပိန်ဆေးရုံသင်္ဘောဖြင့် ဆီနီဂေါနိုင်ငံသို့ပြန်လည်ရောက်ရှိ

**ဒါကာ မေ ၂၇**

အာဖရိကအနောက်ပိုင်း ကမ်းလွန်တွင် ဥရောပသို့ သွားရောက်မည့် အာဖရိကမှ တရားမဝင် ပြောင်းရွှေ့သူများ လိုက်ပါလာသည့် သင်္ဘော နစ်မြုပ်သွားရာ ၎င်းတို့ကို ကယ်တင်လာကြောင်း၊ ၎င်းတို့သည် ဆေးရုံသင်္ဘောဖြင့် မေ ၂၆ ရက်တွင် ဆီနီဂေါနိုင်ငံ၌ ရောက်ရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အမျိုးသမီးနှစ်ဦးအပါအဝင် တရားမဝင် ဝင်ရောက်လာသူ ၉၁ ဦးသည် စပိန်ငါးဖမ်းသင်္ဘောဖြင့် လိုက်ပါလာကြပြီး ၎င်းတို့သည် မေ ၂၃ ရက်က အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းလွန် မော်ရီတေးနီးယားသို့သွားရောက်ကြကြောင်း၊ ယင်းနောက် ၎င်းတို့ကို အီပီရန်ဇာဒဲလ်မာ စပိန်ဆေးရုံသင်္ဘောသို့ လွှဲပြောင်းပေးကြောင်း ဖော်ပြထားသည်။

အာဖရိကအနောက်ပိုင်းကမ်းခြေမှ ရေလမ်းခရီးဖြင့် စပိန်နိုင်ငံက ကနေရီကျွန်းသို့ သက်စွန့်ဆံဖျား သွားရောက်ကြရာ ယခင်နှစ်က တရားမဝင် ပြောင်းရွှေ့သူ ၃၀၀၀၀ ကျော်ရှိသည်။ ယင်းသို့ ပြောင်းရွှေ့လာသူများတွင် ဆီနီဂေါနိုင်ငံမှ လာရောက်ကြသူ အများအပြား ရှိသည်။

*အမ်အင်အေ၊ ရိုက်တာ။*

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ အပြည်ပြည်ဆိုင်ရာ ဘန္ဒာရနာယကေလေဆိပ်တစ်နေရာကို မေ ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# တောင်ကိုရီးယား နည်းပညာတင်ပို့မှု ဥပဒေစည်းကမ်း တင်းကျပ်သွားမည်

**ဆိုးလ် မေ ၂၇**

တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်း စီးပွားရေးနှင့် ကာကွယ်ရေးကို ထိခိုက်စေနိုင်မည့် နည်းပညာများ ပြည်ပသို့ တင်ပို့မည်ဆိုပါက အာဏာပိုင်များထံမှ ခွင့်ပြုချက်မရဘဲ ဆောင်ရွက်ခြင်း မပြုနိုင်စေရန် ဥပဒေစည်းကမ်း တင်းကျပ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက မေ ၂၆ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ထိုကိစ္စများကို ကြီးကြပ်ဆောင်ရွက်ရန် စက်မှုနည်းပညာ ကာကွယ်ရေးကော်မတီကို မကြာသေးမီက အသစ်ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

ယင်းဥပဒေအရ ဆိုပါက နိုင်ငံတော်ထံမှ ရန်ပုံငွေရယူကာ သုတေသန ပြုလုပ်လျက်ရှိသော ပုဂ္ဂလိကကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် ဓာတ်ခွဲခန်းများသည် ယင်းတို့တွေ့ရှိလာသည့် နည်းပညာသစ်များကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရဘဲ ပြည်ပသို့ တင်ပို့ခွင့်ရကြတော့မည် မဟုတ်ပေ။ ထိုဥပဒေကို ချိုးဖောက်၍ နည်းပညာတင်ပို့မှုများ ကျူးလွန်လာလျှင် နိုင်ငံတော်အနေဖြင့် သက်ဆိုင်သည့် အကျိုးအမြတ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံရှိ အေဂျင်စီများ၊ ဒေသခံကုမ္ပဏီများနှင့် နိုင်ငံတော်အဖွဲ့အစည်းများသည် နှစ်စဉ် သုတေသနလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈ ဘီလီယံကိုသုံးစွဲနေကြောင်း ယွန်ဟပ်သတင်းတွင် ဖော်ပြသည်။

*အမ်အင်အေ၊ ဆင်ဟွာ။*

# နိုင်ငံထက်စီးနင်း ဖျက်ဆီးခြင်းခံနေရသည့် မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာတစ်ရပ်

၂၀၀၇ ခုနှစ် ဧပြီလ ၂၅ ရက်နေ့ည ၇ နာရီတွင် RFA က "ဒီကနေ့ နေ့လယ် ၁ နာရီခွဲဝန်းကျင်က ရန်ကုန်မြို့ လူစည်ကားရာ သိမ်ကြီးဈေးအနားမှာ တစ်ကိုယ်တော် ဆန္ဒပြမှုတစ်ခု ဖြစ်ပွားခဲ့ပါတယ်"ဟူ၍ သတင်းတစ်ပုဒ် ထုတ်လွှင့်သွားသည်။

RFA က ဆန္ဒပြသူ ဦးအုန်းသန်းသည် နိုင်ငံရေးလှုပ်ရှားမှုကြောင့် မကြာခဏ ထောင်အကြိမ်ကြိမ် ကျဖူးသူလည်းဖြစ်သည်ဟု ဆိုသည်။ ထိုအမည်ကို ကြားလိုက်ရသည်နှင့် ထင်ကျော်တို့အဖွဲ့နှင့်အတူ ဖေဖော်ဝါရီလ ၂၂ ရက်က သိမ်ကြီးဈေးအနားတွင်ပင် ဆန္ဒပြလှုံ့ဆော်ရာ၌ပါဝင်ခဲ့သူ ထောင်ထွက် အုန်းသန်းဆိုသူမှန်း သိလိုက်ပါသည်။

ဖတ်ရှုကြားသိခဲ့သော ယခင်သတင်းများအရ အုန်းသန်းဆိုသူသည် ၂၀၀၄ ခုနှစ်က ရန်ကုန်မြို့ UNDP ရုံးရှေ့တွင် ဆန္ဒပြလှုံ့ဆော်မှုဖြင့် ထောင်ကျဖူးသူ ဖြစ်ကြောင်း၊ NLD ရုံးချုပ်တွင်ကျင်းပသည့် အခမ်းအနားတိုင်းလိုလို၌ ဆန္ဒပြလှုံ့ဆော်မှု ပြုခဲ့သူဖြစ်ကြောင်း၊ ၈၈ မျိုးဆက်ကျောင်းသားအုပ်စု၏ Campaign အမျိုးမျိုးတွင် ဟိုစပ်စပ် ဒီစပ်စပ် ပါဝင်လှုပ်ရှားနေသူဖြစ်ကြောင်းလည်း သိနှင့်လိုက်ပြီး ဖြစ်သည်။

ဧပြီလ ၂၇ ရက်နေ့ထုတ် သတင်းစာများတွင် အုန်းသန်းနှင့် ပတ်သက်၍ ပြည်သူလူထု၏ ဝေဖန်သုံးသပ်ချက်သတင်း ဖော်ပြထားသည်ကို ဖတ်ရှုလိုက်ရပါသည်။ အဆိုပါ သတင်းဝေဖန်သုံးသပ်ချက်နှင့်စပ်လျဉ်းပြီး မိတ်ဆွေများနှင့် ဤသို့ စကားဝိုင်းဖွဲ့ ဖြစ်ခဲ့ကြပြန်သည်။

**"အုန်းသန်းတို့၊ ထင်ကျော်တို့လူစုရဲ့ တစ်ကိုယ်တော် ထင်ပေါ်ကျော်ကြားလိုမှု၊ နိုင်ငံရေး လှေကြုံစီးမှု၊ ပြည်ပမှချီးမြှောက်မယ့် ဘွဲ့တံဆိပ်ဆုလာဘ် ရရှိလိုမှုဇောတွေနဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လာတဲ့ ဆန္ဒပြ လှုံ့ဆော်မှုတွေဟာ နိုင်ငံရေးလုပ်စားမှုဖက်ရှင် ဖြစ်လာနေတယ်ဆိုတဲ့ ဝေဖန်သုံးသပ်ချက်ကိုတော့ အကြိုက်ဆုံးပဲ"**

"ဟုတ်တယ်ဗျ။ ဒါဟာ ဒီကနေ့ မြန်မာနိုင်ငံမှာ ဆန့်ကျင်ဘက် နိုင်ငံရေးသမားတွေအတွင်း လိုက်စားနေတဲ့ နိုင်ငံရေးဖက်ရှင်တစ်ခုလို ဖြစ်လာနေတာအမှန်ပဲ"

"မော်ဒယ်တွေ ဖက်ရှင်ရှိုးပြသလို နိုင်ငံရေးသရုပ်ပျက်သမားတွေ ဝင်လုပ်နေကြတာ အော်ဂလီဆန်စရာပါဗျာ"

"မြန်မာ့နိုင်ငံရေးမှာ သရုပ်ပျက်နိုင်ငံရေးဖက်ရှင်တွေ ခုလိုဝင်လာနေတာ တစ်ခုခုတော့ ထူးဆန်းနေတယ်လို့ ထင်ရတယ်"

"ဘာမှ မထူးဆန်းဘူးဗျို့၊ ရန်ကုန်မြို့ရဲ့ ဟိုစင်တာဒီစင်တာ ဆိုတာတွေမှာ ဖွင့်လှစ်ပို့ချပေးနေတဲ့ သင်တန်းအမျိုးမျိုးထဲက ဂျင်းရှပ်ရဲ့ နည်းနာ နိဿယတွေကို လက်တွေ့ကျင့်သုံးနေကြတာဗျ"

"ဟုတ်လား၊ ဂျင်းရှပ်ရဲ့ နည်းနာနိဿယဆိုတာ ပြည်ပြေးအကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားတွေကို ဟိုးအရင်နှစ်တွေက နယ်စပ်မှာ ပြည်ပဆရာကြီးတွေ လာရောက်ပို့ချပေးခဲ့ဖူးတဲ့ နည်းတွေပဲ မဟုတ်လား"

"ဟိုအရင်က နယ်စပ်မှာ ပို့ချခဲ့တာလဲ အမှန်ပဲ၊ အဲဒီပို့ချချက်တွေအတိုင်း ပြည်တွင်းကို ဝင်ရောက်ပြီး ဖောက်ခွဲဖျက်ဆီးမှုအမျိုးမျိုး ပြုလုပ်ခဲ့ကြတာ အားလုံးမှတ်မိကြမယ်ထင်တယ်"

"ဘယ်မမှတ်မိ ရှိပါ့မလဲဗျာ၊ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်ရာ ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူတော်အတွင်း ဖောက်ခွဲမှုကနေ ရန်ကုန်မြို့ လူစည်ကားရာ သုံးနေရာ ဖောက်ခွဲဖျက်ဆီးမှုအထိ အကြမ်းဖက်ခဲ့ကြတာ၊ ရက်စက်ကြမ်းကြုတ် ခဲ့ကြတာတွေကို ပြည်သူတွေက ဘယ်မေ့နိုင်ကြမှာလဲ"

"အဖြေက အဲဒါပဲ၊ **အကြမ်းဖက်ရက်စက်ကြမ်းကြုတ်မှု ဟူသမျှကို ပြည်သူလူထုက နာကျည်းခံပြင်းနေကြတာမို့ ဒီမောင်တွေ ခဏ ဒိုင်လျှိုနေကြတာ၊ ကြားကာလမှာ အခုလို ငြိမ်းချမ်းစွာဆန္ဒပြမှု အသွင်ဆောင်ပြီး အဲဒီစင်တာက ပြည်တွင်းမှာသွတ်သွင်းပေးနေတဲ့ ဂျင်းရှပ်ရဲ့ အခြားသော ဖျက်လိုဖျက်ဆီး နည်းပရိယာယ်တွေကို လက်တွေ့ အသုံးချနေကြတာဗျ"**

**"သဘောပေါက်ပြီဗျို့၊ ဟိုတစ်နေ့က စကားဝိုင်းမှာ ဆွေးနွေးသုံးသပ်ခဲ့ကြတဲ့အတိုင်း ပြည်ပက ဖိအားပေးမှုနဲ့ ပြည်ပြေးတွေရဲ့ အကြမ်းဖက်လုပ်ရပ် မအောင်မြင်လို့ ပြည်တွင်းက ယူဂျီတွေရဲ့ ဆန္ဒပြလှုံ့ဆော်မှုနဲ့ သွေးထိုးစမ်းလာတာ မဟုတ်လား"**

"အေးဗျာ၊ အခုလို ပြည်ပဆရာကြီးတွေ တီးပေးတဲ့ဆိုင်းချက်အတိုင်း ဆန့်ကျင်ဘက် နိုင်ငံရေးသမားတွေ လိုက်ပါကပြ အသုံးတော်ခံနေကြတာဟာ အမျိုးဘာသာ သာသနာအကျိုးကို သယ်ပိုးခဲ့ကြတဲ့ မြန်မာ့နိုင်ငံရေးသမားကြီးတွေရဲ့ အစဉ်အလာကောင်းကို ချိုးဖဲ့ဖျက်ဆီးခြင်းခံနေရတာဖြစ်လို့ စိတ်ပျက်ဖို့ကောင်းသလို ဝမ်းနည်းဖို့လဲ ကောင်းလှတယ်"

"ဝမ်းနည်းဖို့ကောင်းတယ်ဆိုလို့ ဒီထက်ဝမ်းနည်းစရာကောင်းတာတွေ ရှိနေသေးတာကို သတိပြုမိကြဖို့ ဆွေးနွေးချင်တယ်ဗျာ"

"ဟာ…ခင်ဗျားဟာကလဲ မထိတ်သာမလန့်သာပါလား။ ဆိုစမ်းပါဦး"

"အဲဒါကတော့ ကျွန်တော်တို့ ခင်ဗျားတို့ မြန်မာတိုင်းရင်းသားတွေရဲ့ အမျိုးသားရေးလက္ခဏာ အစဉ်အလာကောင်းတစ်ရပ် လုံးပါးပါးပြီး မကြာခင် ပျောက်ကွယ်ရတော့မယ့် အရေးပဲဖြစ်တယ်"

"ဒါဆိုရင်တော့ တကယ့်ကို အရေးကြီးတဲ့ကိစ္စပဲဖြစ်တယ်၊ နိုင်ငံရေးဆိုတာမှာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မှာဖြစ်လို့ ပြည်သူတွေက မိမိတို့မကြိုက်နှစ်သက်တဲ့ ပါတီတွေ၊ နိုင်ငံရေးသမားတွေကို မဲမပေးလို့ ရတယ်။ စိစစ်ရွေးချယ်လို့ရသေးတယ်။ အမျိုးသားရေးလက္ခဏာ အစဉ်အလာကောင်းဆိုတာက နှစ်ပရိစ္ဆေဒကြာမြင့်စွာ ထိန်းသိမ်းစောင့်ရှောက် ဆောက်တည်လာခဲ့ရတဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဗျ၊ အခြားရွေးချယ်လို့ မရနိုင်ဘူး"

"မှန်တာပေါ့ဗျာ၊ **မြန်မာနိုင်ငံဟာ ကျွန်သက်ရှည်စွာ အုပ်ချုပ်လိုတဲ့ နယ်ချဲ့ဗြိတိသျှတို့ရဲ့ နှစ်ပေါင်း ၁၀၀ ကျော် သွေးခွဲအုပ်ချုပ်မှုကိုလဲ ခံခဲ့ရတယ်။ အမျိုးသားရေးစရိုက်လက္ခဏာတွေ သေးသိမ်လျော့ကျပျက်ပြားအောင် ဇာတ်သွင်း အုပ်ချုပ်မှုကိုလဲ ခံခဲ့ရတယ်။ ဒါပေမယ့် မျိုးချစ်ပြည်သူတွေက သွေးမကွဲခဲ့ကြဘူး။ အမျိုးဂုဏ် ဇာတိဂုဏ် အပျက်မခံခဲ့ကြဘူး"**

"ဟုတ်တယ်လေဗျာ၊ ဒါကြောင့်မို့ မြန်မာနိုင်ငံဟာ ယဉ်ကျေးမှုအမွေအနှစ် ထွန်းကားကြွယ်ဝတဲ့နိုင်ငံ၊ မြန်မာလူမျိုးတွေဟာ အမျိုးသားရေးစရိုက်လက္ခဏာ ထိန်းသိမ်းစောင့်ရှောက်ရာမှာ အားကောင်း မောင်းသန်တဲ့ လူမျိုးအဖြစ် ကနေ့ထက်တိုင် ဂုဏ်သတင်းပျံ့သင်းနေတာမဟုတ်လား"

**"ဒါပေမယ့် နှစ်ပေါင်း ၁၀၀ ကျော် ကိုလိုနီနယ်ချဲ့တွေ ချိုးဖဲ့ဖျက်ဆီးတာ ခံခဲ့ရပေမယ့် မပျက်စီးမဆုံးရှုံးအောင် ကြံ့ကြံ့ခံလာနိုင်ခဲ့တဲ့ အမျိုးသားရေး စရိုက်လက္ခဏာကောင်းတစ်ရပ်ဟာ မျက်မှောက်ခေတ် ၁၀ နှစ်တာ ကာလအတွင်း ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ တစ်ဖက်လှည့်နဲ့ ချိုးဖဲ့ဖျက်ဆီးတာကို လူမသိသူမသိခံနေရရင်း လုံးပါးပါးတော့မှာ အမှန်ပဲဗျ"**

"အဲဒီလိုအဖြစ်မျိုးကို ပြည်သူလူထုက လုံးဝလက်ခံမှာ မဟုတ်ဘူး၊ လူမသိသူမသိ ဖြစ်နေတယ်ဆိုရင်လဲ ခင်ဗျားတို့ ကျွန်တော်တို့က နိုင်ငံနဲ့ လူမျိုးအကျိုးအတွက် အချိန်မီနှိုးဆော်တိုက်တွန်းကြရမယ် မဟုတ်လား"

"ဒီလိုဗျ၊ ဒီနေ့ မြန်မာနိုင်ငံအပေါ် ပြည်တွင်းပြည်ပအဖျက်သမားတွေ မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေတဲ့ အကြောင်းပြစွပ်စွဲချက် အမျိုးမျိုးထဲမှာ အဓမ္မ လုပ်အားပေး ခိုင်းစေမှု(Forced Labour)ဆိုတာ ပါနေတယ် မဟုတ်လား"

"အဲဒါက ၁၉၉၁ ခုနှစ်လောက်ကတည်းက ပြည်ပြေးစိန်ဝင်းနဲ့ ဝရမ်းပြေး ပြည်သစ်ညွှန့်ဝေတို့ ပြည်ပဆရာကြီးတွေနဲ့ ပူးပေါင်းကြံစည် စွပ်စွဲခဲ့တဲ့ လုပ်ကြံမှုပဲလေဗျာ၊ ဘာများထူးဆန်းလို့လဲ"

"ဟုတ်တယ်လေ၊ **နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူဖို့ ကြံစည်ကြိုးပမ်းရင်း မထူးဇာတ်ခင်းပြီး ပြည်ပြေးဖြစ်သွားတဲ့ စိန်ဝင်းနဲ့ ဝရမ်းပြေးဖြစ်လာတဲ့ ပြည်သစ်ညွှန့်ဝေတို့က မြန်မာနိုင်ငံအပေါ် ဆန့်ကျင်တိုက်ခိုက်ရာမှာ အလုပ်သမားရေးရာဇန်းပြနိုင်ဖို့အတွက် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (FTUB) ဆိုတာကိုဖွဲ့ပြီး မဟုတ်မမှန် လုပ်ကြံ တိုက်ကွက်ဆင်နေတာ လူတိုင်းအသိပဲဥစ္စာ"**

"အဲဒီပြည်သစ်ညွှန့်ဝေရဲ့ နှစ်ယောက်တစ်ပိုင်းလောက်နဲ့ FTUB ဖွဲ့ဖြစ်အောင် ဗန်ကောက်မှာ ရုံးစိုက်ထားတဲ့ Asian-American Free Labour Institute က အမေရိကန်နိုင်ငံသား John Osolink Jr. ဆိုတဲ့ငနဲက လုပ်ပေးခဲ့တယ်လေ"

"FTUB ဟာ မြန်မာနိုင်ငံရဲ့ အလုပ်သမားတွေကို ကိုယ်စားပြုပြီး ဖွဲ့စည်းထားတာ မဟုတ်လို့ ပြည်တွင်းမှာ မတွင်ကျယ်ခဲ့ပေမယ့် အဲဒီ FTUB ကို အားပေးအားမြှောက်လုပ်ပေးနေတာက ပြည်ပဆရာကြီးရဲ့ လက်ဝေခံ အပြည်ပြည်ဆိုင်ရာလွတ်လပ်သော အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(ICFTU) ဖြစ်နေတယ်လေဗျာ၊ ဒါကြောင့်မို့ ပြည်ပဆရာကြီးရဲ့ဝိတ်နဲ့ နိုင်ငံတကာမှာ လူတွင်ကျယ် လုပ်လာနိုင်ခဲ့တယ်ဆိုပဲ"

**"နိုင်ငံတကာက နှံ့နှံ့စပ်စပ်မသိတဲ့ လူတွေရှေ့မှာသာ လူတွင်ကျယ် လုပ်နိုင်ကောင်း လုပ်နိုင်မှာပေါ့၊ ပြည်သူလူထုကတော့ ပြည်ပြေးစိန်ဝင်းရဲ့ (NCGUB)နဲ့ ဝရမ်းပြေးညွှန့်ဝေတို့ရဲ့ (FTUB)ဟာ ပြည်တွင်းဖောက်ခွဲဖျက်ဆီးမှု အမျိုးမျိုးကို ကြိုးကိုင်လုပ်ဆောင်နေသူတွေဖြစ်မှန်း သိလို့ ဆေးဖော်ကြောဖက်တောင် မလုပ်ကြပါဘူးဗျာ"**

"ပြည်သူလူထုက ဆေးဖော်ကြောဖက်မလုပ်ပေမယ့် ပြည်ပဆရာကြီးရဲ့ လက်ပါးစေလက်ဝေခံ ပုဆိန်ရိုးတွေက စိန်ဝင်းတို့၊ ညွှန့်ဝေတို့နဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းသမားတွေဗျ၊ FTUB ကနေ ICFTU၊ ICFTU ကနေ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)ဆီ ပေးပို့နေတဲ့ မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားပေး ခိုင်းစေမှု (Forced Labour)တွေ ပြုနေတယ်ဆိုတဲ့ တိုင်ကြားချက်တွေဟာ ပြည်တွင်းက ပုဆိန်ရိုးတွေလုပ်ကြံပေးပို့နေတဲ့ တိုင်ကြားချက်တွေချည်းပဲ"

"သဘောပေါက်ပြီဗျို့၊ ILOက မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားပေး ခိုင်းစေမှုတွေ ရှိနေတယ်ဆိုပြီး အပြည်ပြည်ဆိုင်ရာ တရားရုံးအထိ တင်ဖို့လုပ်လာတာ၊ ဖိအားအမျိုးမျိုးပေးနေတာတွေကို သတင်းစာ ရှင်းလင်းပွဲတွေမှာ အကြိမ်ကြိမ်အထပ်ထပ် ရှင်းပြခဲ့တာပဲ"

"ဟုတ်တယ်လေဗျာ၊ အဲဒီ ရှင်းလင်းပြောကြားချက်တွေထဲမှာ ILO ရဲ့တောင်းဆိုချက်တွေကို မြန်မာနိုင်ငံဘက်က အတတ်နိုင်ဆုံး လိုက်လျော ဆောင်ရွက်ပေးခဲ့ကြောင်း အကြိမ်ကြိမ် ရှင်းပြခဲ့လို့ တချို့ ပြည်သူတွေဆိုရင် နာကျည်းခံပြင်းပြီး ILOအဖွဲ့ကနေ နုတ်ထွက်လိုက်ဖို့ အထိတောင် ဆန္ဒပြင်းပြခဲ့ကြတယ်လေ"

"၁၉၉၉ ခုနှစ် ဇွန်လမှာကျင်းပခဲ့တဲ့ (၈၇)ကြိမ်မြောက် ILO ညီလာခံကို အမေရိကန်သမ္မတ ကလင်တန်တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့တယ် ဆိုတာလဲ မှတ်မိနေသေးတယ်၊ အဲဒီမှာ အမေရိကန်သမ္မတဆိုတဲ့ပုဂ္ဂိုလ်က အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာနဲ့ မသက်ဆိုင်တဲ့စကားတွေကိုတောင် ပြောင်ပြောင်တင်းတင်း ပြောကြားသွားတယ်၊ အဲဒါကတော့ မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုကို အရှိန်မြှင့်ပြီး လုပ်ဆောင်သွားမယ်လို့ လူသိရှင်ကြား စော်ကားမော်ကား ပြောသွားတာပဲ"

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨**

**မြန်မာနိုင်ငံဟာ ကျွန်သက်ရှည်စွာ အုပ်ချုပ်လိုတဲ့ နယ်ချဲ့ဗြိတိသျှတို့ရဲ့ နှစ်ပေါင်း ၁၀၀ ကျော် သွေးခွဲအုပ်ချုပ်မှုကိုလဲ ခံခဲ့ရတယ်။ အမျိုးသားရေး စရိုက်လက္ခဏာတွေ သေးသိမ်လျော့ကျ ပျက်ပြားအောင် ဇာတ်သွင်း အုပ်ချုပ်မှုကိုလဲ ခံခဲ့ရတယ်။ ဒါပေမယ့် မျိုးချစ်ပြည်သူတွေက သွေးမကွဲခဲ့ကြဘူး။ အမျိုးဂုဏ် ဇာတိဂုဏ် အပျက်မခံခဲ့ကြဘူး။**

➪ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

"ILOရဲ့ နောက်ထပ်ညီလာခံတစ်ခုမှာ မြန်မာနိုင်ငံအပေါ် ဖိအားပေး အရေးယူနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြတယ်။ အဲဒီမှာ ILO ညွှန်ကြားရေးမှူးချုပ် ဆိုသူက မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေအရ နေအိမ်မှာ ကန့်သတ်တားမြစ်ထားခြင်းခံနေတဲ့ ဒေါ်စုကြည်လွတ်မြောက်ရေး ဆိုတာ တွေကိုတောင် စည်းကျော်၊ ဘောင်ကျော်ပြီး ပြောလာခဲ့သေးတယ်"

"သူတို့နဲ့ဘာဆိုင်လို့လဲ၊ ILO ဆိုတာ အလုပ်သမားရေးရာ ကိစ္စတွေကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရတဲ့အဖွဲ့ပဲ။ အခုလို မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လာတာကတော့ ဗိုလ်ကျစိုးမိုးတဲ့ လုပ်ရပ်ပဲဗျ"

"ဒါနဲ့နေပါဦးဗျာ၊ ဟိုတလောကပဲ ဂျာနယ်တွေမှာ ILO နဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီမှု ရရှိလိုက်တဲ့အကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု ပြုနေပြီဖြစ်ကြောင်း၊ အဓမ္မအလုပ်ခိုင်းစေမှုတွေ ရှိရင် ILO ဆက်သွယ်ရေးအရာရှိကတစ်ဆင့် တိုင်ကြားနိုင်ကြောင်း သတင်းတွေ ဖတ်လိုက်ရသေးတယ်"

"ဒီကနေ့ကာလမှာ Good Governance ဖြစ်ရေးအတွက် ပြုပြင်ပြောင်းလဲ ဖွဲ့စည်းမှုတွေ ကြိုတင်လုပ်ဆောင်နေသလို မမှန်မကန် လုပ်တဲ့၊ မသမာမှုပြုတဲ့ ဝန်ထမ်းတွေရှိရင် တိုင်ကြားနိုင်တယ်ဆိုပြီး ဝန်ကြီးဌာနတွေကလဲ သတင်းတွေ ထုတ်ပြန်အသိပေးနေတယ်လေ။ မှန်ကန်စွာတိုင်ကြားမှုပြုလာတဲ့အပေါ်မှာ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေနဲ့ ကွင်းဆင်းစစ်ဆေးပြီး အရေးယူအပြစ်ပေးသင့်တဲ့ ဝန်ထမ်းအချို့ကို အရေးယူ အပြစ်ပေးနေကြောင်းလဲ သတင်းတွေ ထုတ်ပြန်ပေးနေတာ အားလုံးသိနေကြပါတယ်"

"အဲဒီလိုတိုင်ကြားကြရာမှာ မှန်မှန်ကန်ကန် တိုင်ကြားမှုတွေရှိသလို ပုဂ္ဂိုလ်ရေးအာဃာတတွေနဲ့ တိုင်ကြားမှုတွေလဲ ရှိလာနိုင်တာ ဓမ္မတာ ပါပဲ။ ပုဂ္ဂိုလ်ရေး အာဃာတနဲ့ တိုင်ကြားမှုမပြုသင့်ကြောင်းလဲ ပြည်သူတွေက သိထားကြပါတယ်။ အခုခက်နေတာက အဓမ္မအလုပ် ခိုင်းစေမှုနဲ့ ဆက်စပ်ပြီး နိုင်ငံရေးပယောဂ ပူးကပ်တိုင်ကြားနေကြလို့ပဲ ဖြစ်တယ်"

"ခင်ဗျားပြောမှ ပြန်အမှတ်ရမိတယ်။ ဟိုတစ်နေ့က ကျွန်တော်တို့ စကားဝိုင်းမှာ ဆွေးနွေးခဲ့ကြတယ် မဟုတ်လား။ FTUB ပြည်သစ်ညွှန့်ဝေနဲ့ NDD သိန်းဝင်းတို့အဖွဲ့က ပြည်တွင်းမှာ ဆန္ဒပြလှုံ့ဆော်ဖို့ ငွေပုံပေးပြီး ခိုင်းစေနေတယ်။ ဂြိုဟ်တုဖုန်းတွေပေးပြီး အဆက်အသွယ် လုပ်နေတယ်လို့ သက်သေခံ အထောက်အထားနဲ့တကွ ဖမ်းဆီးရမိတဲ့ ကာယကံရှင်တွေကိုယ်တိုင် ဝန်ခံပြောကြားခဲ့တယ်ဆိုတာလေ။ အဲဒီ သတင်းစာရှင်းလင်းပွဲမှာ ပုသိမ်ဘက်က ဦးအောင်မိုးဆိုသူဟာ Forced Labour အပါအဝင် မဟုတ်မမှန် လုပ်ကြံတိုင်တန်းမှုမျိုးစုံကို ဒိုင်ခံရေးသား တိုင်ကြားပေးပို့ခဲ့တယ်ဆိုတဲ့အကြောင်း ရှင်းလင်းပြောကြား သွားခဲ့တယ်မဟုတ်လား"

**"ပြည်တွင်းပြည်ပအဖျက်သမားတွေရဲ့ ငွေကြေးထောက်ပံ့ ကြိုးကိုင်မှုကို ခံယူလုပ်ဆောင်နေတဲ့ ဦးအောင်မိုးလိုလူစားတွေ မြန်မာနိုင်ငံ အတွင်းမှာ ယူဂျီတွေအဖြစ် ပုန်းလျှိုးကွယ်လျှိုးနဲ့ ရှိနေကြတုန်းပဲဖြစ်တယ်။ ဟိုတလောက ဟသ်ာတမြို့နယ် အုတ်ပုံကျေးရွာကိုသွားပြီး လူ့အခွင့်အရေးကိစ္စ ဇန်းပြလှုပ်ရှားခဲ့တဲ့ မြင့်အေးတို့လူသိုက်ရဲ့လုပ်ရပ်ကို ကြည့်ပါလား"**

**"ဟုတ်တယ်ဗျို့။ အုတ်ပုံကျေးရွာသားတွေအနေနဲ့ သူတို့ရဲ့ ရပ်ရေးရွာရေး သာသနာရေး ကိစ္စတွေမှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်ကို သူတို့ကိုယ်တိုင် အသိဆုံးပဲ ဖြစ်တယ်။ အချို့ကိစ္စတွေမှာ ရပ်ဓလေ့ရွာဓလေ့အတိုင်း ရပ်မိရပ်ဖတွေရဲ့ ဆိုဆုံးမဩဝါဒနဲ့ အညီ လိုက်နာဆောင်ရွက်ကြစမြဲ ဖြစ်တယ်။ အုပ်ချုပ်ရေးနဲ့ ဥပဒေရေးရာ လမ်းကြောင်းအတိုင်း လုပ်ဆောင်သင့်တဲ့ကိစ္စမျိုး ဖြစ်လာရင်လဲ သက်ဆိုင်ရာအုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်နဲ့ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖြေရှင်းရင် မဖြေရှင်းနိုင်စရာအကြောင်း လုံးဝ မရှိပါဘူး"**

**"အဲဒီလိုအရေးကိစ္စတွေမှာ မမှန်မကန်မှုတွေ ပြုလာတယ်ဆိုရင်လဲ သက်ဆိုင်ရာကဖွင့်ပေးထားတဲ့ လမ်းကြောင်းတွေအတိုင်း တရားဝင် တိုင်ကြားနိုင်တယ်လေ၊ ဘယ်သူကမှ အဲဒီလမ်းကြောင်းတွေကို ပိတ်ဆို့ ဟန့်တားလို့ မရနိုင်ပါဘူး၊ အခု မြင့်အေးတို့ရဲ့လုပ်ရပ်က ဟသ်ာတမြို့နယ်အတွင်းကကိစ္စကို ရန်ကုန်က ဘာမှမသက်ဆိုင်တဲ့ လူတစ်စုက သွားရောက်စွက်ဖက် သပ်လျှိုသွေးခွဲတဲ့ လုပ်ရပ်ဗျ"**

"အခု ခင်ဗျားတို့ဆွေးနွေးကြတဲ့ ရပ်ဓလေ့ရွာဓလေ့ဆိုတာ မြန်မာ့ဓလေ့ပဲဗျ။ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှုပပျောက်အောင်၊ အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့မထွင်းရအောင် ကျွန်တော်တို့ မြန်မာတွေ ရှေးပဝေသဏီအစဉ်အဆက်ကတည်းက ပူးပေါင်းဆောင်ရွက်လာခဲ့ကြ တယ်မဟုတ်လား"

"မှန်တာပေါ့ဗျာ၊ အဲဒီ ရပ်ဓလေ့ရွာဓလေ့ မြန်မာ့ဓလေ့ထဲမှာ ရပ်ရွာရဲ့ သာရေးနာရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေမှာ ဗျိုးလို့ ဟစ်လိုက် တာနဲ့ တစ်အိမ်တစ်ယောက် အရွယ်ရောက်သူဟူသမျှ ကာလသား ကာလသမီးတွေ၊ လူကြီးမိဘတွေ တစ်ယောက်တစ်လက်၊ တစ်တပ် တစ်အား သူ့တာကိုယ့်တာ မခွဲခြားဘဲ ဝိုင်းဝန်းကူညီလုပ်ဆောင်လေ့ ရှိခဲ့ကြတယ်မဟုတ်လား"

"ဟုတ်တယ်ဗျို့၊ ကျွန်တော်လဲ ကျေးလက်မှာ ကြီးပြင်းခဲ့တဲ့သူ ပါဗျာ။ ရွာထဲမှာ အိမ်တစ်အိမ် ဆောက်မလား၊ ပြုပြင်မလား၊ နီးဝါး တတ်နိုင်တဲ့သူက နီးဝါး၊ သက်ငယ်ခနိတတ်နိုင်တဲ့သူက သက်ငယ်

**မြန်မာတိုင်းရင်းသားတွေရဲ့ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ တစ်ယောက် တစ်လက် တစ်တပ်တစ်အား လုပ်အားပေးလှူ ကုသိုလ်ယူတဲ့ အမျိုးသားရေးလက္ခဏာ အစဉ်အလာကောင်းတစ်ရပ် အစီအစဉ်ရှိရှိနဲ့ ဖျက်လို ဖျက်ဆီး အလုပ်ခံနေရတာပဲ။ နိုင်ငံရေးပယောဂက လူမှုရေးကိစ္စတွေကိုတောင် လာရောက်ထိပါး နှောင့်ယှက်နေပါကလား။**

ခနိ၊ လုပ်အားတတ်နိုင်တဲ့သူက လုပ်အား၊ တပျော်တပါး ဝိုင်းဖွဲ့ လုပ်ဆောင်ကြတာပါပဲ။ ခရီးလွန်နေလို့ မသိလိုက် မပါဝင်လိုက်နိုင်တဲ့ သူတွေကလဲ သိတဲ့အချိန်မှာ အားနာစကားပြောကြားပြီး နှုတ်၏ စောင်မခြင်းနဲ့ ကူညီစောင့်ရှောက်လေ့ ရှိနေတာပဲ"

"အဲဒါက FTUB မောင်မောင်တို့၊ NDD သိန်းဝင်းတို့၊ မြင့်အေး တို့၊ ဦးအောင်မိုးတို့လို လူစားတွေ တစ်စခန်းမထခင်က အခြေအနေ မျိုးပဲဖြစ်မယ်ဗျို့။ အခုနေ ခင်ဗျားတို့ရပ်ရွာမှာ ကိုယ့်အားကိုယ်ကိုး လမ်းဖောက်ဖို့၊ ကိုယ့်အားကိုယ်ကိုး တံတားဆောက်ဖို့ ဗျိုးဟစ်ကြည့် ပါလား။ နောက်နေ့မှာ ILOဆက်သွယ်ရေးအရာရှိဆီ အဓမ္မလုပ်အားပေး ခိုင်းစေနေတယ်ဆိုတဲ့ တိုင်စာရောက်သွားပြီသာမှတ်"

"ဟာ...ဒီလောက်တောင် ဖြစ်နေပြီလား၊ ကိုယ့်ရပ်ကိုယ့်ရွာက လမ်းကောင်းသွားရင် အဲဒီ ရွာသူရွာသားတွေပဲ ခလုတ်တံသင်းကင်းကင်း ချောချောမွေ့မွေ့နဲ့ လျှောက်လှမ်းရမှာမဟုတ်လား၊ အဲဒီတံတား ဆောက်ပြီးရင် ချောင်းတွေ၊ မြောင်းတွေကို အဲဒီဒေသသူ၊ ဒေသသား တွေပဲ အလွယ်တကူ ကျော်ဖြတ်နိုင်ကြမှာမဟုတ်လား"

"ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် အခုအခြေအနေက ဘယ်သူ ကမျှ ကြီးမှူးပြီး ကမကထပြုပြီး လုပ်ဆောင်ရဲတဲ့အခြေအနေ မဟုတ်တော့ ဘူး။ ရပ်ထဲရွာထဲမှာ ပြည်ပဆရာကြီးတွေနဲ့ ပြည်ပြေးအဖျက်သမား တွေ၊ ပြည်တွင်းဆန့်ကျင်ဘက် နိုင်ငံရေးသမားတွေ၊ လက်သပ်မွေး ထားတဲ့ စုန်းပြူးတွေ ရှိနေတယ်လေ။ ဒါ့ကြောင့် ကိုယ့်ရပ်ကိုယ့်ရွာ အတိုင်းအတာနဲ့ ပေါ့ပေါ့ပါးပါး စုပေါင်းလုပ်ဆောင် ပြီးမြောက်နိုင်တဲ့ ကိစ္စမျိုးတွေကိုတောင် လက်ရှောင်နေကြရတယ်၊ လက်ပိုက်ကြည့်နေ ကြရတယ်"

"ဟာ...ဒါဟာ ကျွန်တော်တို့ ခင်ဗျားတို့ မြန်မာတိုင်းရင်းသား တွေရဲ့ မရှိအတူရှိအတူ အေးအတူပူအမျှ တစ်ယောက်တစ်လက် တစ်တပ် တစ်အား လုပ်အားပေးလှူ ကုသိုလ်ယူတဲ့ အမျိုးသားရေး လက္ခဏာ အစဉ်အလာကောင်းတစ်ရပ် အစီအစဉ်ရှိရှိနဲ့ ဖျက်လိုဖျက်ဆီး အလုပ်ခံ နေရတာပဲ။ နိုင်ငံရေး ပယောဂက လူမှုရေးကိစ္စတွေကိုတောင် လာရောက် ထိပါးနှောင့်ယှက်နေပါကလား"

"ဟုတ်တယ်ဗျို့၊ ဒီအရေးမှာ ကျွန်တော်တို့ သွေးအေးနေဖို့ မသင့် ကြတော့ဘူး၊ ပြည်ပဆရာကြီးတွေက လူတွေသည်းခြေကြိုက် ဒီမိုကရေစီ တို့၊ လူ့အခွင့်အရေးတို့ဆိုတဲ့ ပျားရည်နဲ့ဝမ်းချနေတာကို အောင့်ခံနေကြ ရတော့မှာလား၊ နိုင်ငံရေးတိမ်သလာဖုံးပြီး ညီအစ်ကိုမသိတသိဖြစ်အောင်၊ မိသားစု စိတ်ဓာတ်ပျက်ပြားအောင်၊ တစ်ဦးအပေါ်တစ်ဦး သံသယဝင် အထင်လွဲမှားအောင် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတာကို ငုံ့ခံနေ ကြရမှာလား"

"ဘယ်ငုံ့ခံနေလို့ ဖြစ်မှာလဲ၊ ပြည်ပဆရာကြီးတွေက မြန်မာနိုင်ငံ အပေါ် ဖိအားပေးအကျပ်ကိုင်လိုတဲ့ ရည်ရွယ်ချက်နဲ့ သူတို့ရဲ့နိုင်ငံတကာ စံနှုန်းတွေနဲ့ အရာရာကို တိုင်းတာနေတဲ့အချိန်မှာ ကျွန်တော်တို့ကလဲ ကိုယ့်တာကို ကိုယ်လုံအောင် ထိန်းကြရမှာဖြစ်တယ်၊ သက်ဆိုင်ရာကလဲ အဓမ္မအလုပ်ခိုင်းစေခြင်းသဘော သက်ရောက်တဲ့ လုပ်ရပ်တွေကို မပြုလုပ် ကြဖို့ ၁၉၉၉ ခုနှစ်ကတည်းက ညွှန်ကြားချက်တွေ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်အသိပေးထားပြီးဖြစ်တယ်၊ လိုက်နာဆောင်ရွက်ဖို့လဲ ကွပ်ကဲ ကြပ်မတ်ပေးနေတယ်၊ ရပ်ရွာတာဝန်ရှိသူတွေအနေနဲ့ ကိုယ့်ရပ်ကိုယ့်ရွာ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်မိရပ်ဖတွေနဲ့ ညှိနှိုင်း တိုင်ပင်ပြီး မြန်မာ့ရိုးရာအစဉ်အလာမပျက် ဆက်လက်ဆောင်ရွက်သွား သင့်ကြပါတယ်၊ အဲဒီလို မိမိဘက်က ဖြောင့်မတ်မှန်ကန်စွာ အများ ဆန္ဒနဲ့အညီ ပြုလုပ်ဆောင်ရွက်မှုအပေါ် တစ်ရွာနဲ့တစ်ယောက် ဆန့်ကျင် သမှု ပြုလာတယ်ဆိုရင်လဲ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ သွန်သင်ဆုံးမ ဖယ်ရှားသွားသင့်ကြပါတယ်"

**"မှန်တယ်ဗျို့၊ တစ်ရွာနဲ့တစ်ယောက် ဖြစ်လာရင်လဲ အဲဒီ တစ်ယောက်နောက်မှာ ကျောထောက် နောက်ခံပြုနေတဲ့ အနောက် ဆရာကြီးရဲ့ ပယောဂကြောင့် မြန်မာတို့ရဲ့ အမျိုးသားရေးလက္ခဏာ အစဉ်အလာကောင်းတစ်ရပ် လုံးပါးပါးမသွားရအောင် နိုင်ငံရေး၊ စည်းရုံး ရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးအမြင်တွေနဲ့ စုပေါင်းခေါင်းဆောင်၊ စုပေါင်း တာဝန်ယူ၊ စုပေါင်းဆောင်ရွက်သွားကြဖို့ အချိန်တန်နေပြီလို့ ဆိုလိုက်ချင် ပါတယ်"**။ ။

## အောင်စကြာ အရှင်စန္ဒသိရီ တရားဟောကြားမည်

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်း ပြည်ပသာသနာပြု နယ်လှည့်ဓမ္မကထိက အောင်စကြာအရှင်စန္ဒသိရီ(ဓမ္မာစရိယ) သည် မေ ၂၉ရက်တွင် တောင်ဥက္ကလာပမြို့နယ် ဟေမဝန်ဓမ္မာရုံ ပဋ္ဌာန်းအောင်ပွဲ ဓမ္မသဘင်၌လည်းကောင်း၊ မေ၁ရက်မှ ၃ရက်အထိ ဖြူးမြို့ ထန်းကုန်းကျောင်းသစ် ကျောင်းတိုက် ဓမ္မရောင်ခြည်ဓမ္မဗိမာန်တော် ရေစက်ချဓမ္မသဘင်၌ လည်းကောင်း၊ မေ ၆ရက်မှ ၁၅ရက်အထိ သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာ (၁၀)ရက်တရားစခန်းပွဲကြီး၌လည်းကောင်း သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသော ယောဂီများ နှင့် စခန်းပွဲအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁၄၇၃၈၂တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

**ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘက်စုံမွမ်းမံပြုပြင်ခြင်းလုပ်ငန်း အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံမြောက်/အနောက်ရပ်ကွက် ဆရာစံလမ်းသွယ်နေ ဒေါ်အေးကြည်(မော်ဘီ)၏ အသက်(၉၉)နှစ်ပြည့် မွေးနေ့ကောင်းမှုအဖြစ် အလှူငွေကျပ် ၁၀၀၀၀၀ကို ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ဂေါပကအဖွဲ့ အကျိုးဆောင် ဦးဆန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက် ပြည်သူများသို့ ပေးအပ်ပွဲကျင်းပ

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို မေ ၂၂ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က ပြည်သူများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး စိစစ်ပြီးဖြစ်သည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ၈၅ခုကို ပြည်သူများသို့ ပေးအပ်သည်။

ထို့နောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ခရိုင်ဦးစီးဌာနမှူးနှင့်အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပြည်သူများသို့ နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက် နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### လျင်မြန်စွာထုတ်ပေးနိုင်

တိုက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီး ဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင် ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပစဉ်။** (သတင်းစဉ်)

# အေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ ခေတ်မီသံရည်က
# နိုင်ငံတော်၏ အားပေးပံ့ပိုးကူညီမှုများဖြင့် ထူထောင်နိုင်ခဲ့ပြီဖြစ်၍ အရှိန်အဟုန်

**ယခုဆိုလျှင်**
**သံနှင့် သံမဏိ**
**အတွက် နိုင်ငံတေ**
**သိုက်များကို ခေ**
**ထုတ်လုပ်ပြုပြင်သ**

**✳ ရှေ့ဖုံးမှ**

အေးသာယာစက်မှုဇုန်ရှိ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း ရှမ်းစတားဂျစ်အပါအဝင် မော်တော်ယာဉ်ငယ်များ၊ လိုက်ထရပ်ယာဉ်များ၊ ၁၀ တန်အထက် မော်တော်ယာဉ်ကြီးများ၊ ကားအပိုပစ္စည်းအမျိုးမျိုး၊ အုတ်ဘလောက်စက်များ၊ ရေအားလျှပ်စစ်ထုတ်စက်များ၊ ဓာတ်မြေသြဇာမျိုးစုံ၊ စားသောက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်ပေးလျက်ရှိပါကြောင်း။

သံရည်ကျိုစက်ရုံအပါအဝင် အေးသာယာစက်မှုဇုန်ကို ယခုထက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ကျယ်ပြန့်စွာရရှိရေးအတွက် ကြိုးပမ်းလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**အဆင့်အတန်းမြင့်မြင့် ထုတ်လုပ်နိုင်ရေး**

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများ၊ လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများကို ယခုထက် အဆင့်အတန်းမြင့်မြင့် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် နိုင်ငံတော်အစိုးရ၏ အားပေးပံ့ပိုးမှုများ၊ စက်မှုဇုန်တာဝန်ခံများ၊ စက်မှုဇုန်အလိုက်တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၏ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့် တည်ထောင်စကပန်းပဲဖိုသာသာအဆင့်သာရှိခဲ့သည့် စက်မှုဇုန်များသည် ယခုအခါ အရှိန်အဟုန်များရပြီး ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

**အရှိန်အဟုန်ဖြင့်တိုးတက်**

ဒေသအသီးသီးရှိ စက်မှုဇုန်များအနက် အေးသာယာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံဖိစက်ရုံများကို နိုင်ငံတော်၏ အားပေးပံ့ပိုးကူညီမှုများဖြင့် ထူထောင်နိုင်ခဲ့ပြီဖြစ်၍ အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာလျက်ရှိကြောင်း။

သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှုဇုန်လုပ်ငန်း တိုးတက်လာသည်နှင့်အမျှ အခြားပုဂ္ဂလိကစက်မှုလုပ်ငန်းများသည်လည်း ဆက်စပ်တိုးတက်လာမှာဖြစ်ကြောင်း။

မန္တလေး၊ မုံရွာ၊ အေးသာယာစက်မှုဇုန်များနည်းတူ အခြားစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း နိုင်ငံတော်က အလေးထားဂရုပြုလျက်ရှိကြောင်း။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာစက်မှုဇုန်တွင် တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**အမြဲဆန်းစစ်သုတေသနပြု**

**စက်မှုဇုန်များအနေဖြင့် ရရှိနေသည့်အရှိန်အဟုန်များကို ရပ်တန့်မသွားစေဘဲ ဆက်လက်တိုးတက်နေအောင်၊ မိမိတို့ထုတ်လုပ်သော ပစ္စည်းများ အရည်အသွေးအဆင့်အတန်းမီအောင် အမြဲဆန်းစစ်သုတေသနပြု၍ လုပ်ကိုင်ဆောင်ရွက်နေရန်လိုကြောင်း။**

မိမိတို့၏ ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများ၏ ဝေဖန်အကြံပြုချက်များကို အလေးထားရယူကာ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးအဆင့်အတန်းရှိသထက်ရှိပြီး သုံးစွဲသူကြိုက်နှစ်သက်အောင် တီထွင်ကြံဆ ထုတ်လုပ်သွားကြရမှာဖြစ်ကြောင်း။

**ဆက်စပ်စီစဉ်ဆောင်ရွက်နေ**

**ပုဂ္ဂလိကအပိုင်းက ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် မလွယ်ကူသော စက်မှုလုပ်ငန်းများကို နိုင်ငံတော်အပိုင်းက တာဝန်ယူထူထောင်၍ စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်စပ်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း။**

**ယခုဆိုလျှင် စက်မှုလုပ်ငန်းများအတွက် လိုအပ်သော သံနှင့်သံမဏိ ကုန်ကြမ်းများကို ထုတ်လုပ်ပေးနိုင်ရန်အတွက် နိုင်ငံတော်က ပင်းပက်ကဲ့သို့သော သံသတ္တုရိုင်းသိုက်များကို ခေတ်မီနည်းပညာနည်းစဉ်ဖြင့် အဆင့်ဆင့် ထုတ်လုပ်ပြုပြင်သည့် စက်ရုံများကို ထူထောင်သွားမှာဖြစ်ကြောင်း။**

အေးသာယာစက်မှုဇုန်အနေဖြင့် ရရှိထ
များကို ရပ်တန့်မနေစေဘဲ ဖွံ့ဖြိုးတိုးတက်
ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အေ
ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမေ
သံရည်ကျိုစက်ရုံ၏ Machine Shop ၌
Wheel များ၊ Brake Drum များ၊ Hub
ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသ

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ Ware House ၌ သံရည်
သံချောင်းများ စုဆောင်းထားမှု၊ အမှတ်(၁) လ
အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့အတွက် ထုတ်
သံမဏိတုံးများ၊ ဆန်စက်နှင့် ဆီစက်သုံးစက်
ကြသည်။

ယင်းနောက် Forging Shop ၌ L
တည်ဆောက်နေမှုများ၊ မော်တော်ယာဉ်သုံး စ
ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမေ
Foundry Shop ၌ သံမဏိတုံးများ သွန်းလေ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အပ်နှံထားသ
ပစ္စည်းများထုတ်လုပ်နေမှုများကိုလည်းကောင်
ရှည်သည့် သံချောင်းလုံးများ ထုတ်လုပ်နေမှု
စစ်ဆေးကြသည်။

ထို့နောက် စုစည်းပြသထားသည့် အေး
စားသောက်ကုန်အမျိုးမျိုး၊ ဓာတ်မြေသြဇာအ
အမျိုးမျိုးနှင့် မြေသယ်ယာဉ်ကြီးတို့ကိုလည်း
ထုတ်လုပ်ထားမှုတို့ကိုလည်းကောင်း ကြည့်ရှုစ
မောင်အေးက လိုအပ်သည်များကို မှာကြား

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အေးသာယာစက်မှုဇုန်မှ တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့ တပ်ကြီးရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ...ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံဖိစက်ရုံများကို ...စ်၍ အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်လာလျက်ရှိ

**ယခုဆိုလျှင် စက်မှုလုပ်ငန်းများအတွက် လိုအပ်သော သံနှင့် သံမဏိ ကုန်ကြမ်းများကို ထုတ်လုပ်ပေးနိုင်ရန် အတွက် နိုင်ငံတော်က ပင်းပက်ကဲ့သို့သော သံသတ္တုရိုင်းသိုက်များကို ခေတ်မီနည်းပညာ နည်းစဉ်ဖြင့် အဆင့်ဆင့် ထုတ်လုပ်ပြုပြင်သည့် စက်ရုံများကို ထူထောင်သွား မှာဖြစ်။**

အေးသာယာစက်မှုဇုန်အနေဖြင့် ရရှိထားသည့် အရှိန်အဟုန်ကောင်းများကို ရပ်တန့်မနေစေဘဲ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အေးသာယာစက်မှုဇုန်မှ တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှင့် အဖွဲ့ဝင်များသည် သံရည်ကျိုစက်ရုံ၏ Machine Shop ၌ မော်တော်ယာဉ်များ၏ Fly Wheel များ၊ Brake Drum များ၊ Hub Drum များ၊ စက်ခုတ်စား ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ Ware House ၌ သံရည်ကျိုစက်ရုံက ထုတ်လုပ်သည့် သံချောင်းများ စုဆောင်းထားမှု၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့အတွက် ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ၊ သံမဏိတုံးများ၊ ဆန်စက်နှင့် ဆီစက်သုံးစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် Forging Shop ၌ Light Truck ယာဉ်တပ်ဆင်တည်ဆောက်နေမှုများ၊ မော်တော်ယာဉ်သုံး စက်ပစ္စည်းထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Foundry Shop ၌ သံမဏိတုံးများ သွန်းလောင်းထုတ်လုပ်နေမှု၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အပ်နှံထားသည့် မဟာဓာတ်အားလိုင်းသုံး ပစ္စည်းများထုတ်လုပ်နေမှုများကိုလည်းကောင်း၊ သံမဏိတုံးများမှ ပေ ၄၀ခန့် ရှည်သည့် သံချောင်းလုံးများ ထုတ်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စုစည်းပြသထားသည့် အေးသာယာစက်မှုဇုန်မှ ထွက်ရှိသော စားသောက်ကုန်အမျိုးမျိုး၊ ဓာတ်မြေသြဇာအမျိုးမျိုး၊ မော်တော်ယာဉ်ငယ်အမျိုးမျိုးနှင့် မြေသယ်ယာဉ်ကြီးတို့ကိုလည်းကောင်း၊ ကွန်ကရစ်ကျောက်တိုင် ထုတ်လုပ်ထားမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက လိုအပ်သည်များကို မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့သို့ ရောက်ရှိကြပြီး မြို့ပတ်လမ်းများအခြေအနေနှင့် တောင်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်လာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် ဧပြီ ၂၆ရက် မွန်းလွဲပိုင်းတွင် ရပ်စောက်မြို့နယ်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ တပ်ကြီးရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

တပ်ကြီးရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံက ရပ်စောက်မြို့နှင့် ဗထူးတပ်မြို့တို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဧပြီ ၂၅ ရက် ညနေပိုင်းတွင် ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ကြပြီး မြို့နယ်အသင်းက ဖွင့်လှစ်လျက်ရှိသည့် အခြေခံကွန်ပျူတာသင်တန်းကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ ရင်ကွဲသရက်အပင် ၆၀၀၀ ပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်ကျော်ညွန့်နှင့် အလုပ်အမှုဆောင်များက ရှင်းလင်းပြသကြသည်။

ထို့နောက် တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ကြပြီး ပြည်နယ်အသင်းက ဖွင့်လှစ်ထားသည့် Public Internet Access Center ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကြသည်။ (သတင်းစဉ်)

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ဖွင့်လှစ်ထားသည့် အခြေခံကွန်ပျူတာသင်တန်းကို ကြည့်ရှုစစ်ဆေးအားပေးကြစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၄-၂၀၀၇ (တနင်္ဂနွေနေ့)**

**(၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သတ္တသတ္တာဟ စံနေတော်မူခန်း (ကုန္တာဆွေရေးဖွဲ့ပူဇော်၍ ဖြူညီ သီဆိုပူဇော်သည်။)
- ၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၁၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ (ရိုသေထိုက်သူ)
- ၈:၂၅ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Say it in English.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ Yan Can Cook.
- ၁၁:၅၅ ၅။ **မြန်မာရုပ်ရှင် "ချစ်အိမ်ထဲကမိသားစု" (ညွန့်ဝင်း၊ ထွန်းထွန်းနိုင်၊ ချိုပြုံး၊မေဝင်းမောင်၊ ငြိမ်းငြိမ်းအိ) (ဒါရိုက်တာ- အောင်မြင့်မြတ်)**
- ၁:၅၀ ၆။ မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့ (အပိုင်း-၂)
- ၂:၀၅ **၈။ "အန္တရာယ်ကင်းစေ ဘေးရှင်းစေ" (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)**
- ၂:၂၀ ၉။ သစ်လွင်ခံ့ညား ဖားတစ်ရှဉ်းတံတား
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးသရုပ်ဖော်အစီအစဉ်
- ၄:၄၀ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြုများ) (ဓာတုဗေဒ)**
- ၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၀၅ ၆။ ကဆုန်လပြည့်နေ့တေးများ
- ၅:၂၅ ၇။ မြို့လုံးကျွတ်ဆင်နွှဲ ရွှေဘိုမြို့ ကဆုန်ညောင်ရေသွန်းပွဲ
- ၅:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သီရိဂေဟာ
- ၇:၀၅ ၁၂။ **"သစ်ရှက်ဆွေး သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲပါ" (ဝိုင်းစုနိုင်သိန်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၂၁)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း-၁၂)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

# ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၈

**ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ် ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားနှင့် ပြည်သူများ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးမှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။**

ရှေးဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၀)ရပ်ကွက် စိန်ချယ်မြင့်လမ်း၊ စိန်ချယ်ရီလမ်းနှင့် စိန်ချယ်လမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် စိန်ချယ်မြင့်လမ်းထိပ်၌ ကျင်းပရာ မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) ဌာနမှူး ဦးဗိုလ်ဌေး၊ ဒုတိယဌာနမှူး ဦးညီညီစိုး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းစိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အင်ဂျင်နီယာဌာန (လမ်း/တံတား)ဌာနမှူး ဦးဗိုလ်ဌေးက မင်္ဂလာ ကမ္ပည်းမော်ကွန်းကျောက်စာအား နံ့သာရည်များ ပက်ဖျန်းပေးပြီး တာဝန်ရှိသူများနှင့်အတူ ကတ္တရာလမ်းအတွင်း ဖြတ်သန်း ကြည့်ရှုကြသည်။

စိန်ချယ်မြင့်လမ်း ကတ္တရာလမ်းသည် အရှည် ၅၀၇ ပေ၊ အကျယ် ၁၂ပေ၊ စိန်ချယ်ရီလမ်း ကတ္တရာလမ်းသည် အရှည်ပေ ၅၆၀၊ အကျယ် ၁၂ပေ၊ စိန်ချယ်လမ်းသည် အရှည်ပေ ၅၇၀၊ အကျယ် ၁၂ပေတို့ဖြစ်ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်ကွက်ပြည်သူလူထုတို့၏ ထည့်ဝင်ငွေမှ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်နှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ရန်ကုန်-ပြည်လမ်း ရာမညဆောင်ရှေ့ လူကူးမျဉ်းကျား၊ မြေနီကုန်းမီးပွိုင့်အနီး လူကူးမျဉ်းကျား၊ မဟာဗန္ဓုလလမ်းနှင့် ကုန်ဈေးတန်းလမ်း လမ်းဆုံ လူကူးမျဉ်းကျား၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်း လမ်းဆုံလူကူးမျဉ်းကျား၊ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း လမ်းဆုံ လူကူးမျဉ်းကျားနှင့် မဟာဗန္ဓုလလမ်းနှင့် ဆိပ်ကမ်းသာလမ်း လမ်းဆုံ လူကူးမျဉ်းကျားတို့၌ ပြည်သူများ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲမေများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် အဖွဲ့ဝင်များ ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ပြည်သူများ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး တာဝန်ရှိသူများ၏ ကူညီစောင့်ရှောက်ပေးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (ယာဉ်စည်းကမ်းထိန်းသိမ်းရေး)

✻ ကာကွယ်ရေးဝန်ကြီးဌာနမှ

အထောက်အကူများစွာ ပြုနိုင်ပြီဖြစ်၍ ပင်ဖြစ်ကြောင်း၊ ယခင်က ရန်ကုန်တောင်ပိုင်းခရိုင်က ရန်ကုန်အရှေ့ပိုင်းခရိုင်ကို လာသည့်အခါ နှစ်လမ်းသွား ငမိုးရိပ်ချောင်းကူးတံတား တစ်ခုတည်းကိုသာ ဖြတ်ရသည့်အတွက် ယာဉ်ပိတ်ဆို့မှု၊ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ရကြောင်း၊ ယခု လေးလမ်းသွား တံတားသစ်ကြီး ဖွင့်နိုင်၍ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့သွားပြီဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် အမိပြည်ထောင်စု နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ အမျိုးသားစီးပွားရေး တောင့်တင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား(ကမာကြည်)၏ ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ပဲခူးမြစ်ကူး ဒဂုံတံတားကြီးလည်း မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ သီလဝါ နိုင်ငံတကာဆိပ်ကမ်း ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့လာမည်

ခိုင်မာစေရန်၊ မိမိနိုင်ငံသူ နိုင်ငံသားအားလုံး လူနေမှုဘဝ မြင့်မားတိုးတက်စေရန်အတွက် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ် ချမှတ်ပြီး နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်နေသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်နေသည်ကိုလည်း မည်သူမျှ မငြင်းနိုင်ကြောင်း၊ တစ်နိုင်ငံလုံး၌ ဆည်မြောင်း၊ တာတမံ၊ လေယာဉ်ကွင်း၊ ရထားလမ်း၊ ကားလမ်း၊ စက်ရုံ၊ အလုပ်ရုံများ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ကောလိပ်၊ တက္ကသိုလ်ကျောင်းများ၊ ယနေ့ဖွင့်လှစ်သည့် တံတားအပါအဝင် တံတားကြီး၊ တံတားငယ်များ အံ့မခန်း တိုးတက်လာသည်မှာ မျက်မြင်သက်သေ အထင်အရှားပင် ဖြစ်ကြောင်း။

## တိုးတက်နေပြီ

ထို့အပြင် အမိမြန်မာနိုင်ငံ၌ နေထိုင်သူ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်ကြသည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာများ ရေရှိရေး၊ ကျေးရွာများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနေသည့်အတွက် ကျေးရွာများသည် မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်ရအောင် အထူးဒေသကြီး (၂၄)ခု သတ်မှတ်ကာ ဆောင်ရွက်ခဲ့သည့်အတွက် တစ်နိုင်ငံလုံးတွင် မျှမျှတတ အရှိန်အဟုန်ဖြင့် တိုးတက်နေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ တံတားကြီးများ တည်ဆောက်ရာတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် **"လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့် ဒေသတစ်ခုနဲ့တစ်ခု ရင်းနှီးမှုနည်းပါးခြင်း၊ တိုးတက်မှုကွာဟခြင်းတို့ မဖြစ်ကြစေလိုသည့်အတွက် တံတားကြီးများ တည်ဆောက်ရခြင်းဖြစ်တယ်"** ဆိုသည်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤတံတားသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀ အထက်တံတား ၂၂၄ စင်းမြောက်ဖြစ်ပြီး ရန်ကုန်တိုင်းအတွင်း တည်ဆောက်ဖွင့်လှစ်သည့် ၂၉ စင်းမြောက် တံတားဖြစ်ကြောင်း။

ငမိုးရိပ်တံတား(ကမာကြည်) လေးလမ်းသွား တံတားကြီးသည် ပေ ၉၇၀ ရှည်ပြီး ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေနှင့် ရေသွယ်ပိုက်တင်ရန် တစ်ဖက် တစ်ပေ ရှစ်လက်မစီရှိသည့် သံကူကွန်ကရစ် တံတားကြီးဖြစ်ကြောင်း၊ ဤတံတား၏ ထူးခြားချက်မှာ လူသွားလမ်း ဘေးတစ်ဖက်စီတွင် ၁၆လက်မ အချင်းရှိသည့် ရေပိုက်လိုင်း တစ်လိုင်းစီ တပ်ဆင်ထားပြီး သုဝဏ္ဏ၊ ရန်ကုန်သစ်ဘက်မှ သာကေတမြို့နယ်အတွင်းရှိ ပြည်သူများအတွက် သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်ပေးနိုင်မှုပင်ဖြစ်ကြောင်း၊ နောင်တွင် သာကေတသာမက ဒေါပုံမြို့နယ်ပါ ရေပေးနိုင်မည်ဖြစ်ကြောင်း။

## များစွာအထောက်အကူပြုနိုင်

နောက်တစ်ခုက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ပေးသည့် ပဲခူးမြစ်ကူး ၇၅ တန် ခံနိုင်သည့် ခြောက်လမ်းသွား ဒဂုံတံတားကြီးကိုလည်း မကြာမီ ပြီးစီးဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ သီလဝါ နိုင်ငံတကာဆိပ်ကမ်း ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့ ထိရောက်လာမည့်အပြင် ရန်ကုန်တောင်ပိုင်းခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်မှုတို့ကို များစွာအထောက်အကူ ပြုနိုင်တော့မည်ဖြစ်ကြောင်း။

## ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ အားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံနှင့်အဝန်းတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်တိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အလေးထား ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ကိုလည်း တိုးတက်လာသည့် အခြေအနေနှင့်အညီ လမ်း၊ တံတား စသည့် အခြေခံအဆောက်အအုံများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခင်က သန်လျင်၊ ကျောက်တန်းဘက်မှ လာလျှင် သာကေတမြို့နယ် ဇရာဝဏ် လမ်းပေါ်ရှိ နှစ်လမ်းသွား ငမိုးရိပ်တံတား တစ်စင်းသာရှိသဖြင့် ရုံးတက်၊ ရုံးဆင်းချိန်များနှင့် ယာဉ်အသွားအလာများသည့် အချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အချိန်ကြာမြင့်မှုများ ရှိခဲ့ရကြောင်း။

ယခုအခါ လေးလမ်းသွား ငမိုးရိပ်တံတား(ကမာကြည်)ကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သန်လျင်၊ ခရမ်း၊ သုံးခွ၊ သီလဝါ၊ ကျောက်တန်းမြို့နယ်တို့ကို အချိန်တိုအတွင်း ပိုမိုလွယ်ကူ လျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်တော့မည် ဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်သွက်လက်ကာ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုစီးပွားရေး၊ ပညာရေးဘဝများပါ ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ငမိုးရိပ်တံတား (ကမာကြည်) ဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် သီလဝါ ဆိပ်ကမ်းမှ ကုန်စည်များကို ဒဂုံတံတားမှ ရန်ကုန်မြို့တွင်း ဖြတ်သန်းမသွားရဘဲ ဤငမိုးရိပ်တံတား (ကမာကြည်)မှတစ်ဆင့် အမှတ်(၂) လမ်းမကြီးမှနေ၍ မြန်မာပြည်အနှံ့ ပို့ဆောင်ပေးနိုင်ရန်အတွက် လည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ မြို့တော်ဖွံ့ဖြိုးရေးအတွက်လည်းကောင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

## တာဝန်ယူဆောင်ရွက်ပေးခဲ့

မြန်မာနိုင်ငံ၏ များပြားလှသည့် မြစ်ချောင်းများကို ဖြတ်သန်း၊ တောင်များကို ကျော်လွှားပြီး သွားလာရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အပိုင်းများတွင် တိုးတက်လာရန် အခြေခံအကျဆုံးဖြစ်သည့် လမ်း/တံတားများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူပြီးဆောင်ရွက်ပေးခဲ့ကြောင်း။

ယင်းသို့ လမ်း/တံတားများ အစီအရီ ပေါ်ပေါက်လာခဲ့၍ ရန်ကုန်မှ ဘုရင့်နောင်တံတားနှင့် တွံတေးတံတားများကို ဖြတ်သန်းပြီး ကွမ်းခြံကုန်း–ဒေးဒရဲ–ဖျာပုံ–ကျိုက်လတ်–မအူပင်–ညောင်တုန်း–ရန်ကုန်လမ်း ကွန်ရက်ပတ်လမ်း (Road Network Loop) လည်း ကျယ်ဝန်းပေါက်မြောက် သွားရောက်နိုင်ပြီဖြစ်ကြောင်း။

ယနေ့အထိ ရန်ကုန်တိုင်းအတွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပေးခဲ့သော ပေ ၁၈၀ နှင့်အထက် တံတားပေါင်း ၂၉ စင်းနှင့် တည်ဆောက်ဆဲ ဒဂုံတံတားနှင့် ဘော်ချောင်းတံတားတို့လည်း မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ပေ ၁၀၀ မှ ၁၈၀ အထိ တံတားပေါင်း ၁၂စင်း တည်ဆောက်ပေးပြီး ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်တိုင်း၌ လမ်း မိုင်ပေါင်း (၅၆၀/၅)မိုင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ငမိုးရိပ်တံတား (ကမာကြည်)ကို ၂၀၀၄ ခုနှစ် မေလက စတင် တည်ဆောက်ခဲ့ပြီး ယနေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ပြီ ဖြစ်ကြောင်း၊ တံတားအမျိုးအစားမှာ တံတားအောက်ထည်အုတ်မြစ် သံကူကွန်ကရစ် လွန်တူးဘိုးပိုင် သံကူကွန်ကရစ် တံတားတိုင်နှင့် အပေါ်ထည်မှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်ကြောင်း။

## ကူညီထိန်းသိမ်းပေး

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ငမိုးရိပ်ချောင်းကို ဖြတ်ပြီး ဒဂုံမြို့သစ်တံတား၊ ငမိုးရိပ်တံတား(ပါရမီ)၊ ငမိုးရိပ်တံတား (သဃ်န်းကျွန်း)၊ မဟာဗန္ဓုလတံတားအပြင် ယခုဆိုလျှင် ငမိုးရိပ်တံတား (ကမာကြည်)ကိုပါ ထပ်မံတည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် တစ်နေရာနှင့် တစ်နေရာ၊ တစ်မြို့နယ်နှင့် တစ်မြို့နယ် အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်၍ တံတားကြီး ရေရှည်အသုံးပြုသွားနိုင်အောင် ကူညီထိန်းသိမ်းပေးကြပါဟု ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ပြည်သူတစ်ဦးက နိုင်ငံတော်အစိုးရက လမ်း/တံတားများကို တိုးတက်တည်ဆောက် ဖွင့်လှစ်ပေးမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးကို ခံစားရသည့် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော် အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဖွင့်ပွဲကျင်းပမည့် တံတားပေါ်ရှိ မုခ်ဦးရှေ့၌ နေရာယူကြပြီး **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ငမိုးရိပ်တံတား (ကမာကြည်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

❀ **စာမျက်နှာ ၁၀ မှ**

မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ငမိုးရိပ်တံတား (ကမာကြည်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ငမိုးရိပ်တံတား (ကမာကြည်)၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို နံ့သာရည်ဖြင့်ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငမိုးရိပ်တံတား (ကမာကြည်)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါ ငမိုးရိပ်တံတား(ကမာကြည်)သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနှင့် သာကေတမြို့နယ်တို့ကို ငမိုးရိပ်ချောင်းအား ဖြတ်သန်းကာ ဆက်သွယ်တည်ဆောက်ထားသည်။

တံတားအရှည်မှာပေ ၉၇၀၊ အကျယ်ပေ ၆၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ပေ (၁၂ ပေ x လေးလမ်း) ရှိပြီး တံတား တစ်ဖက်တစ်ချက်စီ၌ လူသွားလမ်းနှင့် ရေပေးဝေရေးအတွက် အချင်း ၁၆ လက်မရှိ ပိုက်လိုင်းများ တပ်ဆင်ထားသည်။

တံတား ရေလမ်းကင်းလွတ်အကျယ်မှာ ၆၅ ပေ၊ ရေအတက်ဆုံးအချိန် ရေလမ်းကင်းလွတ်အမြင့်မှာ ၁၁ ပေနှင့် ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး တံတားအပေါ်ထည်ကို ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းနှင့် တံတားအောက်ထည်ကို သံကူကွန်ကရစ်၊ အုတ်မြစ်ကို သံကူကွန်ကရစ် (ဘိုးပိုင်၊ R.C.D ဘိုးပိုင်) တို့ဖြင့် တည်ဆောက်ထားသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၄-၂၀၀၇ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | အကြီးဆုံးအရေးတရားတော် ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ |
| ၇:၅၀ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာ ဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈:၄၀ | တေးဂီတအစီအစဉ် |
| ၈:၄၅ | သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား |
| ၈:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀ | နိုင်ငံတကာ အနုပညာရေးရာ |
| ၉:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၅ | ပြည်သူများအတွက် ပညာပေး ဆေးပညာဆွေးနွေး |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | အံ့မခန်းမြန်မာ့ပန်းပုပညာ လက်ရာ ရွှေကူတံကဲတော်ကြီး |
| ၁၀:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၀၅ | မိသားစု တနင်္ဂနွေ (ဗိုလ်တထောင်) |
| ၁၀:၅၀ | တေးဂီတအစီအစဉ် |
| ၁၀:၅၅ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း) |
| ၁၁:၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၁၀ | သဒ္ဒါပြည့်တင်းဆန်လှူအသင်း |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ လေ့ကျင့်ပြိုင်ဆင်မှုများ |
| ၁၁:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂:၀၀ | ဆရာဦးမြင့်လွင် (သန့်-တည်-ပွား)ဟောပြောဆွေးနွေးသော "အပါယ်ပိတ်တရား" (အပိုင်း-၃) (လူ့ဘဝရခဲခြင်းနှင့် သံသရာရှည်လှပုံ) |
| ၁၂:၁၅ | တေးဂီတအစီအစဉ် |
| ၁၂:၂၀ | ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ (ဒေါက်တာအေးကျော်) |
| ၁၂:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၅၀ | သီးနှံစိုက်ပျိုးအထွက်တိုး "ခြံစည်းရိုးကြက်ဆူပင်" |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈:၃၀ | ပွဲကြိုသုံးသပ်ချက်-၁ | 5-Sports |
| ၉:၀၀ | ပွဲကြိုသုံးသပ်ချက်-၂ | 5-Sports(Live) |
| ၉:၂၅ | Arsenal-Fulham | 5-Sports(Live) |

**Series A ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇:၃၀ | Roma-Lazio | 5-Series(Live) |
| ၂:၂၈ | Inter Milan-Empoli | 5-Sports(Live) |

## မိုးထစ်ချုန်း ရွာဖွယ်ရာရှိ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

## အမျိုးသမီးများနှင့် စဉ်းစားခြင်းနည်းပညာ မိတ်ဆက်ဟောပြောပွဲကျင်းပ

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူးကျင်းပသော အမျိုးသမီးများနှင့် စဉ်းစားခြင်းနည်းပညာမိတ်ဆက်ဟောပြောပွဲ (A Seminar on an Introduction to Thinking Technology) ကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၄၀ တို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** MIEC. PMC Group မှ အမှုဆောင်အရာရှိချုပ် ဦးကျော်သူက စဉ်းစားခြင်းနည်းပညာကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကက ဦးကျော်သူအား ဂုဏ်ပြုလက်ဆောင်ပေးအပ်၍ အခမ်းအနားကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### အင်တာနက်အားကစားသတင်းများ

## မန်ယူက အဲဗာတန်အသင်းကို အနိုင်ရ

**လီဗာပူး မေ ၂၈**

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို အင်္ဂလန်လီဗာပူးမြို့ရှိ ဂွတ်ဒီဆင်ပါ့ခ်ဘောလုံးကွင်းတွင် ယနေ့ကျင်းပရာ မန်ချက်စတာယူနိုက်တက်အသင်းက အဲဗာတန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အစောပိုင်းတွင် နှစ်ဂိုးပေးခဲ့ရပြီးနောက် ချေပဂိုးများနှင့် အနိုင်ဂိုးများကို ဆက်တိုက်သွင်းယူနိုင်ခြင်းဖြစ်သည်။ ယခုပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်း အနိုင်ရရှိခြင်းဖြင့် ချန်ပီယံ ဆုဖလားရရှိရေးကြိုးပမ်းမှုတွင် ပြိုင်ဘက်ချယ်လ်ဆီးအသင်းကို ငါးမှတ်အသာဖြင့် ဖြတ်ထားနိုင်သည်။

ပွဲချိန် ၁၂မိနစ်တွင် အလန်စတပ်ဘ်က ဂိုးသွင်းနိုင်ရာ အဲဗာတန်အသင်း ဦးဆောင်လာနိုင်ခဲ့သည်။ ပွဲချိန်မိနစ် ၅၀ တွင် အဲဗာတန်အသင်းမှ မင်န္နျူယယ်ဖာနန်ဒတ်စ်က ၎င်း၏အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်သည်။ ပွဲချိန် ၆၁မိနစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းမှ အိုရှီးယားက ချေပဂိုးသွင်းခဲ့ပြီး ပွဲချိန် ၆၈မိနစ်တွင် အဲဗာတန်အသင်းမှ ဖီးလ်နဗီးလ် ကိုယ့်ဂိုးကိုယ်သွင်းခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၇၉မိနစ်တွင် ဝိန်းရူနီကလည်းကောင်း၊ ပွဲချိန်မိနစ် ၉၀တွင် အီးဂဲလ်ကလည်းကောင်း သွင်းယူနိုင်သည်။ ***အင်တာနက်***

**မေ ၂၈ ရက်က ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဂျွန်တယ်ရီ** (အလယ်) **ဘောလုံးကို ခေါင်းတိုက်စဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

**မေ ၂၈ရက်က ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အဲဗာတန် အသင်းမှ နဗီးလ် ကိုယ့်ဂိုးကိုယ်သွင်းခဲ့ပြီးနောက် မန်ချက်စတာယူနိုက်တက် အသင်းမှ ဝိန်းရူနီနှင့် မိုက်ကယ်ကာရစ်တို့ အောင်ပွဲခံနေကြစဉ်။**
*(ဓာတ်ပုံ - အင်တာနက်)*

## ချယ်လ်ဆီးနှင့်ဘော်လ်တန် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျ

**လန်ဒန် မေ ၂၈**

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို လန်ဒန်ရှိ စတမ်းဖို့ဒ်ဘရစ်ချ် ဘောလုံးကွင်းတွင် ယနေ့ကျင်းပရာ ချယ်လ်ဆီးအသင်းနှင့် ဘော်လ်တန်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။ ယခုပွဲတွင် သရေကျခဲ့သော်လည်း ချယ်လ်ဆီးအသင်း၏ ချန်ပီယံဆုဖလားကာကွယ်နိုင်ရေး မျှော်လင့်ချက်မှာ ရှင်သန်နေဆဲဖြစ်သည်။

**ချေပဂိုးသွင်း**

ပွဲချိန် ၁၉ မိနစ်တွင် ဘော်လ်တန်အသင်းမှ မိုက်ကယ်လစ်က ဂိုးသွင်းနိုင်ခဲ့ပြီး ပွဲချိန် ၂၂မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ဆော်လ်မွန်ကာလူးက ချေပဂိုး သွင်းယူခဲ့သည်။

**ဒုတိယမြောက်ဂိုးရရှိ**

ပွဲချိန် ၃၄ မိနစ်တွင် ဂျက်စကယ်လီနင်ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ချယ်လ်ဆီးအသင်း ဒုတိယမြောက်ဂိုးရရှိခဲ့သည်။ သို့ရာတွင် ပွဲချိန် ၅၄ မိနစ်တွင် ဘော်လ်တန်အသင်းမှ ကီဗင်ဒါဗီးလ်က ချေပဂိုး ပြန်လည်သွင်းယူသွားသည်။

***အင်တာနက်***

## ဝက်စ်ဟမ်းအသင်း စံချိန်တင်လောက်သည့် ဒဏ်ငွေပေးဆောင်ရမည်

**လန်ဒန် မေ ၂၈**

ဘောလုံးကလပ်အသင်း ပိုင်ဆိုင်မှုဆိုင်ရာ စည်းမျဉ်းများချိုးဖောက်မှုဖြင့် ဝက်စ်ဟမ်းယူနိုက် တက်အသင်းကို အက်ဖ်အေ ပရီမီယာလိဂ်ကော်မတီတစ်ရပ်က ပေါင်ငွေ ၅ဒသမ၅သန်း (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၇ သန်း) ဒဏ်ငွေရိုက်ကြောင်း၊ ယင်းမှာ အင်္ဂလန်ဘောလုံးသမိုင်းတွင် ငွေကြေး အများဆုံးပေ ဆောင်ရမည့် ပြစ်ဒဏ်ဖြစ်ကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

ဝက်စ်ဟမ်းအသင်းသည် လွန်ခဲ့သည့် ဩဂုတ်လက အာဂျင်တီးနားလူမျိုး ဘောလုံးသမားများဖြစ်ကြသော ကာလို့စ်တီးဗက်စ်နှင့် ဟာဗီးယားမာရှေးရာနိုတို့နှင့်ပတ်သက်၍ ကလပ်အသင်းပိုင်ဆိုင်မှုဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည်ဟု စုံစမ်းတွေ့ရှိရသည်။ တီးဗက်စ်သည် ယခုအချိန်အထိ ဝက်စ်ဟမ်းအသင်းနှင့် ကစားနေပြီး မာရှေးရာနိုမှာမူ အငှားချစာချုပ်အရ ဇန်နဝါရီလတွင် လီဗာပူးအသင်းသို့ ရောက်ရှိနေသည်။ ***အင်တာနက်***

## ကိုရီးယားဘောလုံးသမား ပက်ဂျီဆန် ကျန်းမာရေးစစ်ဆေးမှုခံယူ

**ဆိုးလ် မေ ၂၈**

ဒူးခေါင်း ထိခိုက်ဒဏ်ရာအတွက် ကျန်းမာရေး စစ်ဆေးမှုခံယူနိုင်ရန် မန်ချက်စတာယူနိုက်တက် အသင်းမှ ကွင်းလယ်ကစားသမား ပက်ဂျီဆန်သည် အမေရိကန်နိုင်ငံတွင် ရောက်ရှိနေကြောင်း၊ ၎င်းသည်တစ်နှစ်တာမျှ ဘောလုံး ပြန်လည်ကစားနိုင်မည် မဟုတ်ဆိုသော ပြောဆိုချက်များမှာ ပုံကြီးချဲ့ ပြောဆိုချက်သာလျှင်ဖြစ်ကြောင်း ယင်းအသင်း၏ အမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂီးလ်က ယနေ့ပြောကြားသည်။

ကိုရီးယားလူမျိုး ဘောလုံးသမား ပက်ဂျီဆန်သည် မေ ၁ ရက်က ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဘလက်ဘန်းရိုဗာအသင်းနှင့် ယှဉ်ပြိုင်ကစားချိန်အတွင်း ၎င်း၏ ညာဘက်ဒူးခေါင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ပက်ဂျီဆန်သည် ၂၀၀၅ ခုနှစ်တွင် ပီအက်စ်ဗွီအိန်းဟိုဗင် အသင်းမှ မန်ချက်စတာယူနိုက်တက် အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။

***အင်တာနက်***

# ကျောက်ပန်းတောင်းမြို့နယ်၌ သောက်သုံးရေရရှိရေး စက်ရေတွင်းလေးတွင်း တူးဖော်မည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဦးအောင်သောင်း အလှူငွေများပေးအပ်

နေပြည်တော် မေ ၂၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ယမန်နေ့ နံနက် ၇ နာရီတွင် မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့ရှိ မဏိကဥ္စနာခန်းမဆောင်၌ ကျင်းပသော မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ငါန်းဇွန်မြို့နယ် ငါးမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရာစုမှူး၊ ဆယ်စုမှူးနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။**

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတိုင်းလုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာများသို့ အလှူငွေပေးအပ်စဉ်။** (စက်မှု-၁)

ရှေးဦးစွာ မြင်းခြံခရိုင်ရှိ မြို့နယ်ငါးမြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများက မိမိတို့ဒေသ၏ ပညာရေးအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်လုပ်ဆောင်မည့် အခြေအနေကို လည်းကောင်း၊ မိမိတို့ ဒေသ၏ စီးပွားရေးတိုးတက်မှု အခြေအနေနှင့် နွေရာသီ သင်တန်းဖွင့်လှစ် ပို့ချနိုင်မှု အခြေအနေတို့ကိုလည်းကောင်း တင်ပြကြသည်။

ထို့နောက် မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းပြီး အသင်းဝင်များ အနေဖြင့် ရိုးသားမှု၊ ကြိုးစားမှု၊ခံယူမှု၊ ယုံကြည်မှု အပြည့်အဝဖြင့် တိုင်းကျိုးပြည်ပြုကိစ္စရပ်များကို အလေးထား ဆောင်ရွက်ကြရန်၊ အရည်အချင်း အရည်အသွေး ပြည့်ဝသော အသင်းသားများ တိုးတက်အောင်ဆောင်ရွက်ကြရန်နှင့် ဖြစ်ပေါ်နေသည့် နိုင်ငံတကာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိနိုင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြင်းခြံမြို့ အမှတ်(၂) ရပ်ကွက်ရှိ ရွှေပြည်စိုးသာသနာ့ ဗိမာန်တော်ကြီး ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့ တက်ရောက်ကြသည်။

အစီအစဉ်အရ မင်္ဂလာအချိန်တွင် ရွှေပြည်စိုး သာသနာ့ဗိမာန်တော်ကြီးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့် အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရွှေပြည်စိုး သာသနာ့ ဗိမာန်တော် မော်ကွန်းကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်များက မော်ကွန်းကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့်ဧည့်ပရိသတ်တို့က မြင်းခြံမြို့ ဇေယျာလင်္ကာရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကိတ္တိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ရွတ်ပွား**

ထို့နောက် ဆရာတော်၊သံဃာတော်များက ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မန္တလေးတိုင်းလုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကျောက်ပန်းတောင်းမြို့နယ်တွင် စက်ရေတွင်း လေးတွင်း တူးဖော်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း၊ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က လက်ပန်ပင်ကျေးရွာအုပ်စု ဝါးရုံကုန်းကျေးရွာနှင့် ကန်ပတ်လည်ကျေးရွာအုပ်စု ငွေးကုန်းကျေးရွာတို့အတွက် စက်ရေတွင်းတူးဖော်ရန် အလှူငွေများကို လည်းကောင်း၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက ညောင်ကန်ဒေါင့်ကျေးရွာအုပ်စု၊ အေးရွာကျေးရွာနှင့် တံငါကုန်းကျေးရွာအုပ်စု၊ ရွာအိုကျေးရွာတို့အတွက် စက်ရေတွင်းတူးဖော်ရန် အလှူငွေများကို လည်းကောင်း ပေးအပ်ကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက လက်ခံကြသည်။

ယင်းနောက် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမိုးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# ကျိုက္ကစံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ကျပ်သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ရန်အတွက် အလှူရှင်များဖြစ်ကြသည့် အဘိုး ဦးဘ-အဘွား ဒေါ်အုံး၊ အဘိုးလေး ဦးညွန့်၊ ဖခင် ဦးမောင်မောင်-မိခင် မာမီဒေါ်ခင်မြင့်၊ မေမေ ဒေါ်စိန်စိန်၊ ဦးလေး ဦးတင်ထွန်း၊ အစ်မကြီး ဒေါ်ခင်သိန်းဝင်း၊ ညီမ မဘေဘီတို့အား ရည်စူး၍ သား၊ သမီး၊ မြေးတစ်စုတို့က ငွေကျပ်သိန်း ၁၀၀ ကိုစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသုမန ရှေ့မှောက်၌ လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေ၊ ဂေါပကအဖွဲ့ဝင် ဦးကြည်မောင်နှင့် ဦးလှအုန်းတို့က လက်ခံရယူကြောင်း သိရသည်။

**(အပေါ်ပုံ)** (ကြေးမုံ)

# ဗီယက်နမ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ H.E.Mr. Tran Trong Khanh နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာကိစ္စများ၊ အပြန်အလှန် ကုန်သွယ်မှုဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၉-၄-၂၀၀၇ (တနင်္ဂနွေနေ့)

### နံနက်ပိုင်း

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ ပြီးပါပြီ။ |

### နေ့လယ်ပိုင်း

| | |
|---|---|
| ၁၂:၀၀ | ၁။ မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "သွေးသားရင်းချာ"** |
| ၁:၅၀ | ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၅ | ၇။ အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၈။ ပြီးပါပြီ။ |

### ညပိုင်း

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၂၀ | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| ၄:၃၀ | ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၃၅ | ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄:၄၅ | ၆။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၇။ သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ နိုင်ငံတကာသတင်း |
| ၆:၁၅ | ၁၀။ မိုးလေဝသသတင်း |
| ၆:၂၀ | ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၂။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၅ | ၁၃။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၁၂)** |
| ၈:၀၀ | ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ ပဟေဠိနန်းတော် |
| | ၁၈။ ကျန်းမာသုတ |
| | ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ **ENGLISH PREMIER LEAGUE** ဘောလုံးပွဲ **Arsenal Vs Fulham (Live)** |
| | ၂၁။ သင့်အတွက်မနက်ဖြန် |
| | ၂၂။ အပိတ်နှုတ်ဆက်စကား |
| | ၂၃။ ပြီးပါပြီ။ |

# မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ရွှေညောင်ကျေးရွာ ပုလဲ မြောက်ရပ်ကွက်၌ မေ ၂၅ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၄၈ လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ပဲခူးတိုင်း သာယာဝတီခရိုင် နတ္တလင်းမြို့နယ် ပဲမခန်းကျေးရွာ၌ မေ ၂၅ ရက်တွင် မီးလောင်မှု ဖြစ်ပွားရာ အိမ်လေးလုံး မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စုလေးစု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပါရမီကားဝင်း၌ မေ ၂၆ ရက်တွင် ကားတစ်စီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ရောဝတီတိုင်း ဖျာပုံမြို့နယ် ကြက်ဖ အမွေးဇောင်းကျေးရွာ၌ မေ ၂၆ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ မူလတန်းကျောင်းတစ်ကျောင်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပဏာမမြန်မာယူ-၂၃ ဘောလုံးအသင်း ဘရာဇီးနည်းပြဆရာနှင့် လေ့ကျင့်နေ

**ရန်ကုန် ဧပြီ ၂၈**

အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသည့် ပဏာမမြန်မာ ယူ-၂၃ ဘောလုံးအသင်းအား ဘရာဇီးနည်းပြ Marcos Antonio Falopa က ဧပြီ ၂၈ရက်မှစ၍ လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာယူ-၂၃ ဘောလုံးအသင်းအား ဘရာဇီးနည်းပြနှင့်အတူ မြန်မာနည်းပြဆရာများအဖြစ် ဦးဉာဏ်ဝင်း၊ ဦးအောင်နိုင်နှင့် ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်တို့က လေ့ကျင့်ပေးလျက်ရှိသည်။ပဏာမယူ-၂၃ ဘောလုံးအသင်းသည် ပဏာမကစားသမား ၃၂ ဦးဖြင့် ဧပြီ ၂၂ ရက်မှစ၍ စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်သည်။

စခန်းဝင် လေ့ကျင့်နေသော ပဏာမ ကစားသမားများမှာ ဂိုးသမား - ကျော်ဇင်ထက် (ဆောက်လုပ်ရေး)၊ ဟိန်းကျော်သူ (မြို့တော်စည်ပင်)၊ သီဟစည်သူ (စီးပွား/ကူးသန်း)၊ နောက်တန်း- မိုးဝင်း (စီးပွား/ကူးသန်း)၊ ခင်မောင်လွင် (လယ်/ဆည်)၊ အောင်ဝင်းနိုင် (မြို့တော်စည်ပင်)၊ ဟန်ဝင်းအောင် (ကမ္ဘောဇ)၊ ဇော်ထက်အောင် (စွမ်းအင်)၊ အေးဆန်း (ကမ္ဘောဇ)၊ ထူးကျော် (ဘဏ္ဍာ/အခွန်)၊ မျိုးဇော်ထွန်း (စီးပွား/ကူးသန်း)၊ ကျော်ဒွန်း (ပို့ဆောင်ရေး)၊ အလယ်တန်း- ရာဇာဝင်းသိန်း(စီးပွား/ကူးသန်း)၊ ပိုင်စိုး (ဘဏ္ဍာ/အခွန်)၊ ဘိုဘိုအောင် (စီးပွား/ကူးသန်း)၊ အောင်ကိုမင်း (ကာကွယ်ရေး)၊ အောင်မျိုးသန့်(စီးပွား/ကူးသန်း)၊ တင်အောင်မိုး (လယ်/ဆည်)၊ မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ နေဝင်း(ကမ္ဘောဇ)၊ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)၊ ကျော်ဌေးဦး (မြို့တော်စည်ပင်)၊ အောင်မြင့်အေး (မြို့တော်စည်ပင်)၊ ရှေ့တန်း-ကျော်သူရ(ဘဏ္ဍာ/အခွန်)၊ လှအေးထွေး(မြို့တော်စည်ပင်)၊ စည်သူဝင်း(ပြည်ထဲရေး)၊ အောင်ကျော်မျိုး(စွမ်းအင်)၊ ရဲဝေယံစိုး (ကာကွယ်ရေး)၊ ကျော်သီဟ(ကမ္ဘောဇ)နှင့် စည်သူသန်း (ဆောက်လုပ်ရေး)တို့ဖြစ်ကြသည်။

Marcos Antonio Falopa သည် ဘရာဇီးနည်းပြဘောလုံးအဖွဲ့ချုပ်၏ နည်းစနစ်ဒါရိုက်တာတစ်ဦးဖြစ်ပြီး ဥရောပနိုင်ငံများအပါအဝင် အာဖရိက၊ အာရှအပြင် လက်တင်အမေရိကနိုင်ငံများတွင်လည်း နည်းစနစ်ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ တောင်အာဖရိကလက်ရွေးစင်အသင်း၏ နည်းစနစ် ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည်။ အသက်(၅၈)နှစ်အရွယ်ရှိ Marcos Antonio Falopa သည် ၁၉၇၅-၇၆ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၏ဘောလုံးမာစတာဘွဲ့ကို ရရှိခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် UEFA ၏ နည်းပြ (A) လိုင်စင်ကိုရရှိခဲ့သည်။ (ကြေးမုံ)

ဘရာဇီး နည်းပြဆရာ **Marcos Antonio Falopa** မြန်မာယူ - ၂၃ ကစားသမားများအား လေ့ကျင့်ပေးနေစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

## (၂၁)နှစ်ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးကျော်ကျော်လင်း (Chief Officer) (O-W Ship Management) နှင့် ချစ်မေမေ ဒေါ်တင်တင်ခိုင်တို့၏ ၂၉-၄-၂၀၀၇နေ့တွင် ကျရောက်သည့် (၂၁)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင်အောင် ပျော်ရွှင်ပြည့်စုံစွာ ဘဝခရီးကို အတူတကွလျှောက်လှမ်းနိုင်ပါစေ။

**ချစ်သား - ညီညီကျော်လင်း(ပ-နှစ် အင်္ဂလိပ်စာ)**
**ချစ်ညီမ - ထွေးထွေးသိမ့်**

## ရောင်းမည်/ငှားမည်

* သိမ်ဖြူလမ်း၊ မြေညီထပ်(၁၅ပေ X ပေ၆၀)
* ၅၅လမ်း၊ (မြေပိုင်) (၇၅ပေX၇၈.၅ပေ)ကမ်းနားဘက်၊

**ဆက်သွယ်ရန်-ဦးအောင်မြင့် ဖုန်း-၀၉-၅၁၅၁၀၂၃**

## ကျေးဇူးဆပ်ပါမည်

မော်တော်ယာဉ်အမှတ် ၄က/၂၄၆၉ တိုယိုတာကိုရိုလာကား၏ ယာဉ်သက်သေခံစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။ PH: 249985

## ဒုတိယအကြိမ် ပန်းပင်ကြီးလမ်း သီတဂူအထူးတရားပွဲ

ပန်းပင်ကြီးလမ်း သီတဂူအထူးတရားပွဲ ရန်ကုန်တိုင်း ကြည့်မြင်တိုင် ပန်းပင်ကြီးလမ်းဘုရားငါးဆူရှေ့တွင် ကွယ်လွန်သူ ဖခင်ကြီး ဦးသန်းအောင်အားရည်စူး၍ မိခင်ကြီးဒေါ်စိန်ဟန်အား အမှူးထားလျက် မောင်ဇော်ဇော်သိန်း-မတင်တင်ရီ၊ သား မောင်သူရမင်း၊ သမီး မနှင်းနှင်းနုကျော်မိသားစုတို့က အထူးတရားပွဲကျင်းပမည်ဖြစ်ရာ မေ ၃ ရက်ညတွင် သဲကုန်းသပိတ်အိုင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt), (Ph.D) ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ကလည်းကောင်း၊ မေ ၄ ရက်ညတွင်နိုင်ငံတော် ဓမ္မကထိက ဗဟုဇနဟိတရေပြည်တွင်းပြည်ပသာသနာပြု ဘဒ္ဒန္တ တေဇနိယဉာဏ (သစ္စာရွှေဂူ) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ပါ၍ ကြွရောက်နာယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

## ၂၀၀၇ခုနှစ်၏ ခေတ်မီဆံပင်ပုံဆန်းများကို သင်ယူလိုပါသလား

၂၀၀၇ခုနှစ်အတွက် နိုင်ငံတကာတွင် ခေတ်စားနေသော ခေတ်မီဆံပင်ညှပ်နည်း ရက်တိုသင်တန်းကို ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပါသဖြင့် တက်ရောက်လိုသူများ အမြန်စာရင်းပေးသွင်းနိုင်ပါပြီ။ Hair Stylist လုပ်သက်အနည်းဆုံး (၂)နှစ်ရှိပြီးသူဖြစ်ရမည်။ (လူဦးရေကန့်သတ်ထားသည်)

စုံစမ်းရန်။ Fancy House Hair & Beauty Salon
Ph; 578931, 224347, 09-5122123

## "ဒီဈေးနဲ့တော့ ဘယ်မှာမှမရနိုင်ပါ"

ကွန်ကရစ်လမ်း၊ မြောက်ဒဂုံစီမံကိန်းအိမ်ရာ၊ အဝီစိတွင်း၊ အိမ်သုံးမီတာ၊ လိုင်းခွဲတယ်လီဖုန်း၊ သီးပင်စားပင်၊ အုတ်ကန်၊ ရေစက်အိမ်နှင့် ရေစက်၊ သစ်သားအိမ်သေးတစ်လုံး၊ ဘိလပ်စားဆူးကြိုးပြည့်ကာရံ၊ လေးဖက်လေးတန် အုတ်တံတိုင်းအပြည့်ကာပြီး သံပန်းဂိတ်တံခါးတပ်ပြီး၊ ဆေးသုတ်ပြီး၊ မြေဖို့ပြီးသော နှစ်(၆၀)ဂရန်ထွက်ပြီးသား ပေ ၁၀၀ပတ်လည်မြေကွက် နှစ်ကွက်ကို အမြန်ရောင်းမည်။ ဆိုဈေး-သိန်း260

**ဖုန်း-၅၇၉၁၉၁၊ ၀၉ ၅၁၁ ၃၈၆၃၊ ၀၉ ၅၀၀ ၀၃၀၅**

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၂၅)သင်တန်းဆင်းပွဲကို ဧပြီ ၂၈ ရက်က လှိုင်မြို့နယ် (၂)ရပ်ကွက်ရှိ အလက(၁) ချယ်ရီခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းအောင်ကျော် အမှာစကားပြောကြားစဉ်။**

(က-ပ)

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူမောင်သော်လွင်သည် မိခင်စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏ဆန္ဒအရနေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**(မိခင်) ဒေါ်အေးအေးသော်**
**[၁၂/အလန (နိုင်) ၀၀၃၈၇၆]၊ တိုက်(၂)၊အခန်း 2.I၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်မျိုးထွန်း(ခ) ဖာရွတ်ဘိုင် [၁၀/မလမ(နိုင်) ၁၄၄၉၂၇] ကိုင်ဆောင်သူသည် မိခင်စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ် ပြုမူဆောင်ရွက်နေထိုင်ပြီး ၎င်း၏ဆန္ဒအရ မိခင်ခွင့်မလွှတ်နိုင်သောကိစ္စများ ပြုလုပ်နေပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် အပြီးအပိုင်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**မိခင်**
**ဒေါ်မြမြသန်း [၁၀/မလမ(နိုင်)၁၅၂၅၆၃]**
**၄၅၊ ၅လွှာ၊ ၁၂၅ လမ်း၊ သပြေကုန်းရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်**

## ကံမြင့်ကျောင်း အထူးတရားပွဲ

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဧပြီ၃၀ရက် (ကဆုန်လပြည့်နေ့)တွင် ဒေါက်တာကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်) ရန်ကုန်အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ မေ ၁ ရက်တွင် ဒေါက်တာဝဏ္ဏသီရိ၊ မေ၂ရက်တွင် ဒေါက်တာဉာဏ္ဍက (သီတဂူဗုဒ္ဓတက္ကသိုလ်)၊ မေ ၃ ရက်တွင် ကျိုက္ကလော့ဆရာတော် ဒေါက်တာစန္ဒာဝရာဘိဝံသ၊ မေ ၄ ရက်တွင် ဒေါက်တာနန္ဒမာလာဘိဝံသ ပါမောက္ခချုပ် ရန်ကုန်အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်းသိရှိရသည်။

(က-ပ)

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက်က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ ဓမ္မာစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှမျိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။**

(မြို့နယ်/ပြန်ဆက်)

## ကိုယ့်အားကိုယ်ကိုးတံတားတည်ဆောက်ရန် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၂၈**

မွန်ပြည်နယ် သထုံခရိုင်ပေါင်မြို့နယ် ဖြူဘာ၊ ကတိုက်၊ သဲအိမ်ကျေးရွာချင်းဆက် အရှည်ပေ၆၀၊အကျယ်၁၅ပေရှိ မော်တော်ယာဉ်ပါဖြတ်သန်းသွားလာနိုင်သော ကျေးရွာပတ်လမ်း ချောင်းကူး (ကတိုက်တံတားသစ်)အာရ်စီ-ကွန်ကရစ် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၆ ရက်က ကတိုက်အလယ်ရွာ တံတားဟောင်းမဏ္ဍပ်တွင်ပြုလုပ်သည်။ ရန်ကုန်မြို့နေ မြန်မာ့ရွှေမြေဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးအောင်မြင့်-ဒေါ်သန်းသန်းချို-ဒေါ်မိုးမိုးနိုင်မိသားစုတို့က ရွှေနန်းပင်နာယကဆရာတော်ဘဒ္ဒန္တအရှင်ဦးသောမနအား အမှူးထား၍ငွေကျပ် ၁၀သိန်းကို မတည်ငွေအဖြစ် ပေးအပ်လှူဒါန်းရာ ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ရွှေနန်းပင် ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တအရှင် ဦးသောမနက ငွေကျပ်၁၂၀၀၀၀အပါအဝင် အလှူငွေကျပ်၃၅သိန်းကို ကျေးရွာနေပြည်သူများက စုပေါင်းလှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျေးရွာဥက္ကဋ္ဌတို့က လက်ခံရယူကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုပြီး အလှူငွေ ပေးအပ်ပွဲကို ရုပ်သိမ်းလိုက်သည်။ ကိုယ့်အားကိုယ်ကိုး တံတားသစ်တည်ဆောက်ရာတွင် ကျပ်သိန်း ၁၂၀ ကုန်ကျမည်ဟုသိရှိရသည်။ (၃၂)

● **ရေမှော်မှ**

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း ပင်လယ်ဖျံကြီးများ၊ လင်းပိုင်များနှင့် ဝေလငါးအသေများ ကမ်းခြေတွင် တင်နေသည်ကို တွေ့ရသည်ဟု သတင်းစာက ရေးသားသည်။

ဒေသဆိုင်ရာ ပင်လယ်ကမ်းခြေများတွင် နာမကျန်းဖြစ်နေသော သို့တည်းမဟုတ် သေဆုံးနေသည့် ပင်လယ်ဖျံကြီးများ၊ လင်းပိုင်များနှင့် ငှက်ကြီးဝန်ပိုငှက်များဖြင့် ပြန့်ကျဲနေသည်ကိုတွေ့ရသည်ဟုဆိုသည်။

အက်စစ် တစ်မျိုးဖြစ်သည့် အဆိုပါအဆိပ်သည် ရေမှော်မှ သဘာဝအားဖြင့် ထုတ်လုပ်လိုက်သည့် ဓာတ်ဖြစ်ပြီး အဆိုပါရေနေသတ္တဝါများ အများအပြား သေဆုံးမှုနှင့် ဆက်နွယ်မှုရှိနေသည်ဟုသတင်းစာကဆက်လက်ရေးသားသည်။

သေးငယ်သည့် ပင်လယ်ရေမှော်ပင်မှ ထုတ်လုပ်ပေးသည့် ဒိုမိုအက်ဆစ်ခေါ် အဆိပ်ဓာတ်တစ်မျိုးကြောင့် ရေနေနို့တိုက်သတ္တဝါနှင့် ငှက်များသေဆုံးရခြင်းဖြစ်သည်။ ဒိုမိုအက်ဆစ်သည် ပင်လယ်ခရုများနှင့် ငါးများတွင် စုဆောင်းမိနေသည်။ ထိုသတ္တဝါများကို စားသုံးသော တိရစ္ဆာန်နှင့် ငှက်များသည် ယင်းအဆိပ်သင့်ခံရ၍ သေဆုံးရခြင်းဖြစ်သည်ဟု သုတေသီများက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်ကို ဆက်သွယ်ပေးသည့် လေးလမ်းသွား ငမိုးရိပ်ချောင်းကူး (ကမာကြည်) တံတားဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၂၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ငမိုးရိပ်တံတား(ကမာကြည်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ကမာကြည်လမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကာလပေါ်တေးဂီတအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့သည် ရန်ကုန်တိုင်းအတွက် မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုလျှင် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်ကို ဆက်သွယ်ပေးသည့် လေးလမ်းသွား ငမိုးရိပ်ချောင်းကူး (ကမာကြည်)တံတား ဖွင့်လှစ်နိုင်၍ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ လေးမြို့နယ်မှ ပြည်သူများ ရန်ကုန်မြို့တော်ကြီးသို့ လွယ်လင့်တကူ လာရောက်နိုင်ပြီး ရန်ကုန်တောင်ပိုင်းခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား (ကမာကြည်) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

## ခင် တာ နက် ဧ ဝ သ တင်း

## ရေမှော်မှ ထွက်လာသည့် အက်စစ်ကြောင့် အမေရိကန်တွင် ရေနေသတ္တဝါနှင့် ငှက်များသေဆုံး

**လော့စ်အိန်ဂျလိစ် ဧပြီ ၂၈**

အမေရိကန်ပြည်ထောင်စုတွင် ရေနေ နို့တိုက်သတ္တဝါများနှင့် ငှက်များ လွန်ခဲ့သည့် ရက်သတ္တပတ် ကာလများအတွင်း ရာချီ၍ သေဆုံးနေမှုသည် ကယ်လီဖိုးနီးယား ကမ်းလွန်တစ်နေရာရှိ သဘာဝအားဖြင့် ပေါ်ပေါက်လာသော ပြင်းထန်သည့်အဆိပ်နှင့် ဆက်စပ်မှုရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ အဆိပ်သည် မှော်ပင်များမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး ငှက်များနှင့် နို့တိုက်သတ္တဝါများကို နာမကျန်းဖြစ်စေသည်ဟု လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာက သုတေသီများ၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●**

## ကြေးမုံ The Mirror ဆောင်း ပါး အ ညွှန်း

**“တစ်ရွာနဲ့တစ်ယောက် ဖြစ်လာရင်လဲ အဲဒီတစ်ယောက်နောက်မှာ ကျောထောက်နောက်ခံပြုနေတဲ့ အနောက်ဆရာကြီးရဲ့ ပယောဂကြောင့် မြန်မာတို့ရဲ့ အမျိုးသားရေးလက္ခဏာ အစဉ်အလာကောင်းတစ်ရပ် လုံးပါး ပါးမသွားရအောင် နိုင်ငံရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးအမြင်တွေနဲ့ စုပေါင်းခေါင်းဆောင် စုပေါင်းတာဝန်ယူ စုပေါင်းဆောင်ရွက်သွားကြဖို့ အချိန်တန်နေပြီလို့ ဆိုလိုက်ချင်ပါတယ်”**

စာဖတ်သူတစ်ဦး၏ ***“နို့င့်ထက်စီးနင်း ဖျက်ဆီးခြင်းခံနေရသည့် မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာတစ်ရပ်”***

(ဆောင်းပါး) စာမျက်နှာ- ၆၊၇

## ထူးခြားသည့် အပူချိန်များ (၂၈-၄-၂၀၀၇)

| | | | |
|---|---|---|---|
| **နေပြည်တော်** | ၁၀၇ ဒီဂရီဖာရင်ဟိုက် | **မင်းဘူး** | ၁၀၈ ဒီဂရီဖာရင်ဟိုက် |
| **မန္တလေး** | ၁၀၄ ဒီဂရီဖာရင်ဟိုက် | **မကွေး** | ၁၀၈ ဒီဂရီဖာရင်ဟိုက် |
| **ရန်ကုန်** | ၁၀၃ ဒီဂရီဖာရင်ဟိုက် | **အောင်လံ** | ၁၀၈ ဒီဂရီဖာရင်ဟိုက် |
| **မြင်းခြံ** | ၁၀၈ ဒီဂရီဖာရင်ဟိုက် | **သာယာဝတီ** | ၁၀၈ ဒီဂရီဖာရင်ဟိုက် |

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတို့တွင် နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**